http://www.thitsarparamisociety.com/


မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က

ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့

တွင်ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀




# အဖြူအမည်းမရောတွဲကံ

## ဟောကြားသည့်နေ့

(၁၇-၈-၆၁)

၆၄

ကျေးဇူးတော်ရှင် မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၁၇)မှ ထုတ်နှုတ်ပုံနှိပ်ပါသည်။

http://www.thitsarparamisociety.com/

0332

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌

ဟောကြားဆုံးမတော်မူသော တရားတော်

# "အဖြူအမည်းမရောတဲ့ကံ"

(၁၇–၈–၆၁)

THITSARPARAMI LIBRARY

Date ..................

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၇) မှ

ထုတ်နုတ် ပုံနှိပ်ပါသည်။

http://www.thitsarparamisociety.com/

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ် နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

**မည်သူမျှ ကူးယူ ထုတ်ဝေခွင့် မပြုရ။**

စာမူခွင့်ပြုအမှတ် ၂၃/၉၇(၁၂)

**ထုတ်ဝေသူ**

ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှတ် (၈၂)၊
နတ်မောက်လမ်း၊ ရန်ကုန်မြို့။

☎ - ၅၄၁၈၆၀

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးဉာဏ်အောင်စိုး (မြ-၀၅၃၆၉)
ကျားမင်းအော့ဖ်ဆက်
အမှတ်(၉၂)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား
၁-ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၂၄၆၅၀၈ ☎ ၅၃၂၉၅၄

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌
ဟောကြားဆုံးမတော်မူသော တရားတော်

# "အဖြူအမည်းမရောတဲ့ကံ"

(၁၇–၈–၆၁)

ဒကာကြွယ်တို့၊ ဒကာသစ်တို့ မှတ်စရာက အရေးကြီးတဲ့ အချက်ကလေးတစ်ခုကို ဒကာကြွယ်တို့ မှတ်ဖို့ ကောင်းတယ်နော်...။

အားလုံး ဒကာ ဒကာမတွေ ကမ္မဿကတ သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ဒကာသစ်တို့၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ တခြားစီလို့ မှတ်ရမယ်...။

ကမ္မဿကတ သမ္မာဒိဋ္ဌိဆိုတာက ဒကာ ဒကာမတို့ သိတဲ့အတိုင်း ကောင်းတာလှူရင် ကောင်းကျိုးပေးတယ်၊ ဒီလို လှူကြတန်းကြပေးကြတာဟာ ကံပေါ်မှာ ယုံကြည်ပြီး သက်ာလ အမှန်ထားတဲ့ ဒိဋ္ဌိ ဖြစ်လေသောကြောင့် ကမ္မဿကတ သမ္မာဒိဋ္ဌိ၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/


ဝိပဿနာရှုတဲ့ သမ္မာဒိဋ္ဌိကတော့ကိုတဲ့ ဒကာ ဒကာမတို့ သိတဲ့အတိုင်း ကိုယ့်သန္တာန်ဖြစ်စဉ်ကို ကိုယ်ကြည့်ပြီး အမှန်သိတဲ့ ဒိဋ္ဌိ...။

ဟိုက ကောင်းတာလုပ် ကောင်းကျိုးပေးတယ်လို့ ယူတဲ့ ဒိဋ္ဌိကိုးဗျ၊ တခြားစီမနေဘူးလား...။ (နေပါတယ် ဘုရား)။

**သမ္မာဒိဋ္ဌိချင်း မရောပါစေနဲ့**

အဲဒီ တခြားစီမှလဲ ဒကာသစ်တို့၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့၊ ဦးဘအုန်းတို့ မရောစေနဲ့...။ (မှန်ပါ့ ဘုရား)။

ဩော်...သူတို့သည်ကားလို့ဆိုရင် ကောင်းတာလုပ် ကောင်းကျိုးပေးတာပဲ၊ မကောင်းတာလုပ် မကောင်းကျိုး ပေးတယ်လို့ အမှန်သိတော့ သိတာပဲ၊ သိပင်သိငြားသော်လဲ ကံပေါ်၌သာ ကံနဲ့ ကံအကျိုးပေးတာ သူ သိတယ်၊ ခုနင်က ရုပ်ပေါ်,နာမ်ပေါ်မှာ သူ သိတဲ့ သမ္မာဒိဋ္ဌိ မဟုတ်ဘူး...။ (မဟုတ်ပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကမ္မဿကတ သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိကို ဒကာကြွယ် ရောနေရင်း မကာင်းဘူး...။ (မှန်ပါ့ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိက ရုပ်ပေါ်, နာမ်ပေါ်၌ အဖြစ်

http://www.thitsarparamisociety.com/


အပျက်ကို သိတာ၊ ဘာဆိုကြမယ်...။ (ဝိပဿနာ သမ္မာဒိဋ္ဌိပါ ဘုရား)။

ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးတယ်ဆိုပြီး အမှန်သိတဲ့ ဒိဋ္ဌိက ကမ္မဿကတ သမ္မာဒိဋ္ဌိ။

ဒီလိုဆိုတော့ ကမ္မဿကတ သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ဟာက ဒကာ ဒကာမတို့ အခြားနားကြီးပဲ...။ (မှန်ပါ့ဘုရား)။

အဲဒီခြားနားတာကို ဘုန်းကြီးတို့ ဒကာဒကာမတွေက မသိတော့ ကျုပ်တို့လဲ သမ္မာဒိဋ္ဌိပဲ၊ လှူဒါန်းပေးကမ်းပြီးနေတဲ့ သမ္မာဒိဋ္ဌိပဲဆိုပြီးသကာလ ဒီမှာ ဦးဘအုန်းတို့ တစ်မျိုးယူလိုက်တယ်၊ ရုပ်ပေါ်,နာမ်ပေါ်တော့ သူရောက်ကဲ့လား...။ (မရောက်ပါဘုရား)။

မရောက်သေးတော့ ခန္ဓာကိုယ်ကို အမှန်အကန်သိရဲ့လား...။(မသိပါဘုရား)။ မသိတော့ ငြီးငွေ့နိုင်ပါ့မလား...။ (မငြီးငွေ့ပါ)၊ မငြီးငွေ့လို့ရှိရင်ဖြင့် စွန့်ချင်တဲ့ မဂ်ဉာဏ် ပေါ်နိုင်ပါ့မလား...။ (မပေါ်နိုင်ပါဘုရား)။

အဲဒါကြောင့် ကမ္မဿကတ သမ္မာဒိဋ္ဌိနဲ့ ခုနင်က မဂ်သမ္မာဒိဋ္ဌိဟာ ဒကာသစ်...ခြားခြားနားနားမှတ်ထားရမယ်၊ ဒကာကြွယ်...ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

http://www.thitsarparamisociety.com/


အဲဒီတော့ကို ရုပ်ပေါ်, နာမ်ပေါ်၌ ရောက်တဲ့ သမ္မာဒိဋ္ဌိက ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ။

ရုပ်ပေါ်, နာမ်ပေါ် ဉာဏ်မရောက်ပါဘူး၊ ကောင်းတာလုပ် ကောင်းကျိုးပေးတာပဲ၊အင်း...ဒါန သီလတွေ လုပ်လိုက်လို့ ရှိရင်ဖြင့် ဒါန သီလတွေ အကျိုးပေးတာပဲ၊ အသက်ရှည်တယ်၊ ပစ္စည်းဥစ္စာရတနာ ပေါတယ်ဆိုတော့ ဦးဘအုန်း–သူ သိတဲ့အာရုံက တခြားပါလား...။ (တခြားပါ)၊ မခြားနားဘူးလား...။ (ခြားနားပါတယ်ဘုရား)။

သူက ကောင်းတာလုပ် ကောင်းကျိုးပေး၊ မကောင်းတာလုပ် မကောင်းကျိုးပေးဆိုတဲ့ ကမ္မဿကတ သမ္မာဒိဋ္ဌိက၊ သူက ကောင်းတဲ့ စေတနာနဲ့ ကောင်းကျိုးကိုသာ သူ သိတယ်၊ ခန္ဓာကြီး၏ ရုပ်နာမ် ဖြစ်ပျက် ဒုက္ခသစ္စာ အချက်အလက်တွေတော့ သူ သိပါရဲ့လား...။ (မသိပါဘုရား)။

**မဂ်သမ္မာဒိဋ္ဌိက ဘာထူးသလဲ**

အဲ...မသိတော့ ဩော်...သမ္မာဒိဋ္ဌိပေမယ့်လဲ နှစ်မျိုးပါလား၊ဒကာကြွယ်ဘယ်နှစ်မျိုးပါလိမ့်...။(နှစ်မျိုးပါဘုရား)။

အဲဒီတော့ ကမ္မဿကတ သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိတို့ ဘာထူးသလဲလို့ မေးတဲ့အခါကျတော့မှ ကမ္မဿကတ သမ္မာဒိဋ္ဌိက ဒိဋ္ဌိမကွာဘူး၊ မှတ်ထားကြပါ။

http://www.thitsarparamisociety.com/



ကမ္မဿကတ သမ္မာဒိဋ္ဌိက...(ဒိဋ္ဌိမကွာပါ)၊ မဂ်သမ္မာဒိဋ္ဌိက...(ဒိဋ္ဌိကွာပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ဒိဋ္ဌိကွာမှုနဲ့ နှိုင်းချိန်လိုက်တော့ ဦးလှဘူးတို့၊ ဒကာကြွယ်တို့ ထူးခြားတယ်၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို ဒကာ ဒကာမတွေ ဩော်...တို့ ကမ္မဿကတ သမ္မာဒိဋ္ဌိလောက်နဲ့ ခန္ဓာ ဉာဏ်မရောက်သေးဘူး၊ ဆိုနိုင်ကြပါ့မလား...။ (ဆိုနိုင်ပါတယ်)၊ ခန္ဓာဉာဏ် မရောက်သေးလို့ရှိရင် ခန္ဓာ၏ ဒုက္ခသစ္စာသိဖို့အရေးဝေးနေသေးတယ်...။ (ဝေးပါတယ်ဘုရား)၊ မဝေးဘူးလား...။ (ဝေးပါတယ်ဘုရား)။

ထိုကဲ့သို့ ဝေးပြီးသကာလနေတော့ ဒီခန္ဓာစွန့်ပစ်နိုင်တဲ့ ဉာဏ် လာပါ့မလား...။ (မလာပါဘုရား)။

မလာတော့ ကမ္မဿကတ သမ္မာဒိဋ္ဌိသည်၊ ခန္ဓာဖြစ်ပျက်မြင်တဲ့ ဉာဏ်မလာတာသည် ထင်ရှားနေတာ၊ သူ့မှာ ဒိဋ္ဌိလွှမ်းတုန်းရှိသေးတယ်...။ (မှန်ပါ့)၊ ကမ္မဿကတ သမ္မာဒိဋ္ဌိက ဒိဋ္ဌိမခွာနိုင်ဘူး၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိက...(ဒိဋ္ဌိခွာနိုင်ပါတယ်ဘုရား)။

ဩော်...ဒါဖြင့် ဒိဋ္ဌိကွာ–မကွာနဲ့ နှိုင်းချိန်လိုက်တဲ့ အခါကျတော့မှ ဒကာသစ် ထူးခြားသွားတယ်။

http://www.thitsarparamisociety.com/


ဒါ...သေသေချာချာ မှတ်ပြီးသကာလ ပြော်...ဒိဋ္ဌိ ကွာမှ အပါယ်လေးပါး တံခါးပိတ်မှာ။

ဒိဋ္ဌိကွာမှ ဘာဖြစ်မှာတုံး...။ (အပါယ်လေးပါး တံခါး ပိတ်မှာပါဘုရား)။

ဒိဋ္ဌိမကွာသေးတဲ့ ကမ္မဿကတ ဒိဋ္ဌိကတော့ဖြင့် အတ္တ ဒိဋ္ဌိ ပရာမသတ္တာလို့ သေသေချာချာ ဖွင့်ထားသည် ဖြစ်လေ သောကြောင့်တဲ့၊ ဒကာ ဒကာမတို့...ဒိဋ္ဌိ ကွာ–မကွာ ထူးခြားတယ်...။ (မှန်ပါ့ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ အခု စ,စ,ချင်း သဘောကို ပြောရတဲ့အတွက် ကမ္မဿကတ သမ္မာဒိဋ္ဌိသည် သမ္မာဒိဋ္ဌိတော့ ဟုတ်တယ်၊ ဒိဋ္ဌိမကွာနိုင်ဘူး၊ ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ မဂ်သမ္မာဒိဋ္ဌိက...(ဒိဋ္ဌိကွာပါတယ်)၊ ဒိဋ္ဌိကို တဒင်္ဂခွာတယ်၊ သမုစ္ဆေဒခွာတယ်...။ (မှန်ပါ့)။

ဒီလို ထူးခြားပြီးသကာလသွားတော့ အပါယ်မျိုးစေ့ ဖြတ်နိုင်တာကတော့ဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိက ဆက်ပြီး မဂ်သမ္မာဒိဋ္ဌိမှ ငရဲမျိုးစေ့ဆိုတဲ့ ဒိဋ္ဌိကုန်စေနိုင်တယ်၊ ရှင်း ပလား...။ (ရှင်းပါပြီဘုရား)။

**သေပျော်ပြီသို့ မယူဆိုက်ကြပါနဲ့**

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ကမ္မဿကတ သမ္မာဒိဋ္ဌိလောက်နဲ့ တင်းတိမ်ပြီး မသေကြပါနဲ့ဆိုတာကိုလဲ

http://www.thitsarparamisociety.com/


အခု အကျိုးအကြောင်းပြောပြီးတော့ကို ဒီအခုမှာတဲ့၊ အခု ပြောတဲ့ အသွားကို ဦးဘအုန်း ကျေနပ်ရမယ်...။ (ကျေနပ် ပါတယ်ဘုရား) ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ သေပျော်ပြီလို့ ဒီလိုမယူလိုက်ကြပါနဲ့၊ ဒကာကြွယ်...၊ သေပျော်ပလား...။ (မသေပျော်သေးပါဘုရား)၊ ဘယ့်နှယ်ကြောင့်ပါလိမ့်ဗျာ...။ (ဒိဋ္ဌိမခွာရသေးလို့ပါဘုရား)။

အေး...အတ္တဒိဋ္ဌိရှိနေတယ်၊ အတ္တဒိဋ္ဌိရှိပြီးသကာလ နေတယ်၊ သူက အတ္တဒိဋ္ဌိ ဖြုတ်ကို မဖြုတ်နိုင်ဘူး...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိ, မဂ်သမ္မာဒိဋ္ဌိနဲ့ဖြုတ်မှ ကျုပ်တို့သည် မဂ်ဉာဏ်,ဖိုလ်ဉာဏ်အစစ်ရမယ်...။ (မှန်လှ ပါဘုရား)၊ ဒါမှ အပါယ်လေးပါးကိုလဲ သေချာစွာ ပိတ်နိုင် တယ် ဆိုတာကော ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ မနေ့က ကံတွေကို ဒီနှစ်ခုရှင်းပြီးလို့ရှိရင် မနေ့က ကံလေးမျိုးကို ဒကာသစ် ရှင်းရမယ်။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သေနိယတို့ ခွေးလိုကျင့်တယ် နော်...။ (မှန်ပါ့)၊ ပုဏ္ဏက နွားလိုကျင့်တယ်။

http://www.thitsarparamisociety.com/


**ခွေးသို့အကျင့်ရှိသူ**

သူတို့အထင်ကတော့ဖြင့် ဒကာသစ်...ဒီလူဟာ သူတို့လိုပဲ ငါးပါးအာရုံ ကာမဂုဏ်မပါဘူး၊ မြိုးမြတဲ့ အကျင့်ဆိုပြီး ခန္ဓာဆင်းရဲတဲ့အကျင့် ကျင့်လိုက်တယ်၊ ခွေးလို ကျင့်လိုက်တယ်၊ ခွေးလို လေးဘက်ထောက်သွားတယ်၊ ခွေးလို မြေပေါ်မှာ သူ့ကိုကျွေးမှ စားတယ်၊ လူတွေ့တဲ့အခါကျလို့ ရှိရင် ခွေးလိုပွတ်သပ်တယ်၊ အင်း...ကိုယ်လုံးနဲ့ခြေသလုံးတွေ လျှောက်ပွတ်တယ်...။ (မှန်ပါ့ဘုရား)။

**နွားသို့အကျင့်ရှိသူ**

နွားလိုကျင့်တဲ့ပုဂ္ဂိုလ်ကလဲ ခေါင်းမှာ နွားချိုကြီးတွေ တပ်၊ အမြီးတွေတပ်ပြီးသကာလ ဦးဘအုန်းရေ...နွားလိုပဲ တွန်တာပဲ...။ (မှန်လှပါ)၊ နွားလိုပဲ မြက်နဲ့ ရောစားတာပဲ။

အဲဒီတော့ ဒီအယူဟာ မိစ္ဆာဒိဋ္ဌိအယူလို့ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)၊ သူတို့မဆင်းရဲဘူးလား...။ (ဆင်းရဲပါတယ်ဘုရား)။

ဆင်းရဲတဲ့ အယူကို သူတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် ချမ်းသာရလိမ့်မယ်လို့...ဆင်းရဲနဲ့ချမ်းသာ လဲယူမယ်လို့ ဒီအစီပွာယ်နဲ့လုပ်ကြတာ...။ (မှန်ပါ့)။

အဲဒီတော့ လုပ်ပင်လုပ်ငြားသော်လဲ မှန်ပါရဲ့လား...။ (မမှန်ပါဘုရား)။

ဘုရားက ဘယ့်နှယ် ပြောသလဲ၊ မင်း ဒီ နွားလို ကျင့်တဲ့ အကျင့်ဟာ မင်း အကျင့်ကို မင်းဟုတ်တယ်လို့ ယူလိုရှိရင် မင်း သေသည်၏ အခြားမဲ့၌ နွားဖြစ်ရမယ်၊ အကယ်၍ ဒီအယူနဲ့ပဲ နတ်သော်လည်းကောင်း၊ တစ်ပါး တခြားသော ရုက္ခစိုးသော်လည်းကောင်း ဖြစ်ရမယ်လို့ ကေန် မင်း ဒီအယူ ယူလိုက်မယ်ဆိုရင် မိစ္ဆာဒိဋ္ဌိဝင်လာတယ်၊ မိစ္ဆာဒိဋ္ဌိဝင်လာတဲ့အတွက် ငရဲ , တိရစ္ဆာန် မင်း ရောက်ရ ဦးမယ်...။ (မှန်ပါ့)။

ဒီလိုဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သေနိယ အယူ-ယူတဲ့ ပုဂ္ဂိုလ်လဲ ဤအတိုင်းပေါ့ဗျာ...။ (မှန်ပါ့)၊ ဒီလို မဟောကြားဘူးလား...။ (ဟောကြားပါ တယ် ဘုရား)၊ နှစ်ယောက်စလုံး ငိုကြတယ်...။ (မှန်ပါ့)။

သြော်...တို့မှာ အဆင်းရဲခံပြီး၊ အကျင့်ကြီးကျင့်ပြီး သကာလ လာခဲ့ရငြားသော်လဲ ဘာမှ ကျေးဇူးမများပါလား ဆိုတာ သူတို့ဟာသူတို့ ငိုတော့မှ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက မင်းတို့ ငါ့ကို မမေးနဲ့လို့ ပြောသားပဲ၊ သုံးခါ တိုင်တိုင် ငါပယ်သားပဲ၊ မင်းတို့က ဖြေပါဆိုလို့သာ ငါ ဖြေရတယ် ဆိုပြီးသကာလ တပည့်တော်တို့ အရှင်ဘုရား ဖြေတာကြောင့် ငိုတာ မဟုတ်ပါဘူးဘုရားတဲ့...၊ ကိုယ့် အဖြစ်ဆိုးကြီးက ဒီလိုလုပ်လို့ရှိရင်၊ ဒီလိုကျင့်လို့ရှိရင်ဖြင့် အင်း...နောက်ဘဝ ချမ်းသာလိမ့်မယ်၊ ကျန်းမာလိမ့်မယ်

http://www.thitsarparamisociety.com/


ဆိုပြီးသကာလ တပည့်တော်တို့ အယူမှားကို ယူမိတဲ့အတွက် တပည့်တော်တို့အဖို့ တပည့်တော်တို့ကျင့်ခဲ့တဲ့ ဆင်းရဲမှု အကျိုးမရှိဘူးဆိုပြီး ငိုမိပါတယ်...တဲ့၊ သူတို့အဖြေပေးကြ တယ်နော်...။ (မှန်ပါ့)။

ဒါဖြင့် ဘုရား တပည့်တော်တို့ ဘယ်လိုအကျင့်မှ သာလျှင် ဘယ်လိုကိစ္စတွေ ရွက်ဆောင်မှ ဘယ်လိုပြီးမယ် ဆိုတဲ့ဥစ္စာ အရှင်ဘုရား တပည့်တော်အား ဆုံးမပါဆိုပြီး သကာလ ပုဏ္ဏက လျှောက်တယ်နော်...။ (မှန်ပါ့ဘုရား)။

နွားလိုကျင့်တဲ့ ပုဂ္ဂိုလ်က လျှောက်တဲ့အခါကျတော့ ကဲ...ကွာ...တဲ့၊ မင်းတို့ ကံ နှားမလည်လို့ ဖြစ်ကြတာ... တဲ့...။ (မှန်ပါ့ဘုရား)။

**ကံနားမလည်လို့ ဖြစ်ကြတာ**

ဘယ်လိုကြောင့်ပါလိမ့်...။ (ကံနားမလည်လို့ပါ ဘုရား)၊ အဲဒီတော့ ဒီဒကာ ဒကာမတွေလဲ အခု ဒီကံဟာ အခုပဲ ကြားဖူးတယ်၊ ဒီဒကာ ဒကာမတွေလဲ သူတို့နဂိုတုန်း က ကမ္မဿကတဉာဏ်ကလေးတစ်ခုပဲ နားလည်တယ်၊ ဒီပြင်ဉာဏ်တွေ လိုရင်းဟာတွေ အားလုံး ဒကာ ဒကာမတွေ ဘာမှ ဖုံးဖိစရာလဲ မလိုတော့ ဩော်...ကံသည်ကားလို့ဆိုရင် ကမ္မဿကတဉာဏ်နဲ့ပဲ ဒကာသစ်တို့၊ ဒကာကြွယ်တို့ သေသွားကြရတယ်...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီ ဘုရား)။

http://www.thitsarparamisociety.com/


အဲဒီတော့ ဒါ...ပြီးပြီလို့ထင်ပြီး သေလိုက်တာပဲ၊ တို့ ဘာလုပ်စရာရှိသေးသတုံး၊ ဘာလိုသေးသတုံးဆိုပြီး ဒကာကြွယ် ဒီလိုပြောသံဆိုသံကလေး ကြားရမှာပဲ...။ (ကြားရပါတယ် ဘုရား)၊ အဲဒါ ကံမျိုးစုံ နားမလည်သော အဓိပ္ပာယ်မျိုး မပါဘူးလား...။ (ပါ,ပါတယ်ဘုရား)။

သူ့ကံကလေး တစ်ခု၊ အဖြူကံကလေးတစ်ခု အားကိုးပြီး သကာလ ဦးဘအုန်း ပြောတဲ့ သဘောပဲ...။ (မှန်ပါ့)၊ ဒီ့ပြင် ဘာပါသေးသတုံး...။ (ဘာမှ မပါ,ပါဘုရား)၊ အဲဒီတော့ ကံလေးမျိုးရှိတယ်လို့ သူ မသိဘူး...။ (မသိပါဘုရား)။

မသိတော့ သူသည် ဖြူသောကံ၊ ဖြူသောအကျိုးပေးတာပဲ ဆိုတဲ့ ဥစ္စာနဲ့၊ ကမ္မဿကတဉာဏ်နဲ့ပဲ ဒကာကြွယ်၊ ဒကာသစ် သေသွားတယ်...။ (သေသွားပါတယ်ဘုရား)။

သေသွားတဲ့အခါကျလို့ရှိရင် သူ့ကံတွေ၊ အကျိုးပေးတွေကို ဘုရားက ဟောလိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့မှာလဲ ပိုမို့ရှင်းရမယ်၊ ရှင်းမှသာလျှင် ဒီကံလဲလုပ်ရမှာပဲ၊ ဟိုကံလဲ ကြိုးစားရမှာပဲဆိုတာ လာရမယ်...။ (လာရပါမယ်ဘုရား)။

နို့မဟုတ်လို့ရှိရင်ဖြင့်...တဲ့၊ သူများပါးစပ်လမ်းဆုံးဆိုတဲ့ အဓိပ္ပာယ်ဟာလဲ အလွန်ကြောက်စရာကောင်းပါတယ်...။ (ကောင်းပါတယ်ဘုရား)။

http://www.thitsarparamisociety.com/



**ကံလေးမျိုး**

ကဲ...ဒါဖြင့် ကံလေးမျိုးပဲ ရှင်းအောင် ဒကာသစ် မှတ်ကြဦးစို့၊ မည်းသောကံသည်...(မည်းသောအကျိုးပေး ပါတယ်ဘုရား)၊ ဖြူသောကံသည်...(ဖြူသောအကျိုးပေး ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ အမည်း အဖြူ ရောတဲ့ ကံကျတော့...(အမည်းအဖြူရောတဲ့အကျိုးပေးပါ တယ်ဘုရား)၊ အမည်း အဖြူ ရောတဲ့ အကျိုး ပေးတယ် ဆိုတာ ဒကာ ဒကာမတွေ သိရောပေါ့ဗျာ...။ (မှန်ပါ)။

အမည်း အဖြူ မရောတဲ့ကံသည်... (အမည်းအဖြူ မရောတဲ့ အကျိုး ပေးပါတယ်ဘုရား)။

ဟော...ကံကိုက ဒကာသစ် ဘယ်နှစ်မျိုးတုံး...။ (လေးမျိုးပါဘုရား)၊ ဩော်...ကံဆိုတာက အခုလို ဒကာ ဒကာမတွေသိတာက ဟောဒီ ၁-ရယ်, ၂-ရယ် ဒါပဲ ရှိတယ်၊ ၃-ရယ်, ၄-ရယ် ကျလို့ရှိရင် ခင်ဗျားတို့ ဉာဏ်မရောက် တော့ဘူး...။ (မရောက်ပါဘုရား)။

ကိုင်း...ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နွားလိုကျင့်တဲ့ ပုဏ္ဏာ၊ ခွေးလိုကျင့်တဲ့ သေနိယတို့ကို ဒီဟာ ဟောမှသာလျှင် သူတို့သည်ကားလို့ဆိုလို့ရှိရင် ဒီကျင့် ကျင့်ပြီး ကျွတ်တမ်းဝင်တော့မပေါ့ဆိုပြီး ဘုရားသခင်

http://www.thitsarparamisociety.com/

ကိုယ်တော်မြတ်ကြီးသည် ကိုယ်တော်တိုင် မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ဟောတယ်နော်...။ (မှန်ပါ့)။

**အမည်းကံဆိုတာ**

အမည်းကံက အမည်းအကျိုးပေးတယ်၊ အမည်းကံ ဘယ်သူတုံးလို့မေးတော့မှ ဒကာ ဒကာမတွေ ပါဏာတိ ပါတကံ လွန်ကျူးရင်အမည်းကံ၊အဒိန္နာဒါနကံလွန်ကျူးရင်... (အမည်းကံပါဘုရား)၊ ကာမေသုမိစ္ဆာစာရ သူ့သားမယား ပြစ်မှားရင်...(အမည်းကံပါဘုရား)။ ဩော်...ကာယကံ သုံးပါး၊ သဘောကျပလား...။ (ကျပါပြီ)။

မုသာဝါဒဆိုတဲ့ လိမ်လည်ကောက်ကျစ်တာတွေပြော ရင်ကော...(အမည်းကံပါဘုရား)၊ အမည်းကံ၊ အဲဒါ ဝစီကံ တစ်ပါး စ,လာပြီ၊ ပိသုဏာဝါစာ လူနှစ်ယောက်တည့်နေ တာ၊ ဟိုကောင်နဲ့ ဒီကောင် တည့်နေတာ၊ ကုန်းတိုက်ပေး လိုက်တယ်ဆိုလို့ရှိရင်ဖြင့် ချောပစ်ကုန်းတိုက်လိုက်တယ်နော်၊ ဒါလဲ ဝစီကံနဲ့ တိုက်ရတာပဲ၊ ဖရုသဝါစာတဲ့၊ ကြမ်းကြမ်း တမ်းတမ်းနဲ့ ခိုက်ရန်လုပ်ပြန်တော့ကော...(ဝစီကံပါဘုရား)၊ သမ္ဖပ္ပလာပဆိုပြီးသကာလ၊ ဒကာ ဒကာမတို့ ချော့မော့ပြီး သကာလ အပြောကောင်းတာနဲ့ ယုံကြည်လောက်အောင် ပြောပြီးသကာလ လိမ်လည်ကောက်ကျစ်တာလဲ ရှိသေး တယ်...။ (ရှိသေးပါတယ်ဘုရား)၊သဘောကျပလား...။

http://www.thitsarparamisociety.com/


(ကျပါပြီ)၊ ဒါဖြင့် ဝစီကံက ဘယ်နှစ်ပါးတုံး...။ (လေးပါးပါဘုရား)။

မနောကံက အဘိဇ္ဈာတဲ့၊ ဒါ ဝမ်းထဲက ဒကာ ဒကာမတွေက ဟို...တိုက်ကြီးမြင်လိုက်လို့ရှိရင်၊ ငါ့တိုက်ကြီးဖြစ်ရင် ကောင်းလေရဲ့၊ ဟို ဆိုင်ကြီးမြင်လိုက်ရင်လဲ ငါ့ဆိုင်ကြီးဖြစ်ရင် ကောင်းလေရဲ့၊ ဒါ...မနောကံ ပြစ်မှားနေတာ၊ ဒါက အဘိဇ္ဈာတဲ့...။ (မှန်ပါ့)။

ဗျာပါဒဆိုတာက သူတစ်ပါးချမ်းသာတာမကြည့်နိုင်, မရှုနိုင်လောက်အောင် ပြစ်မှားတဲ့သဘော၊ သဘောကျပလား...။ (ကျပါပြီ)။

မိစ္ဆာဒိဋ္ဌိဆိုတာ ကောင်းတာလုပ်လဲ ကောင်းကျိုးမပေးဘူး၊ မကောင်းတာလုပ်လဲ မကောင်းကျိုးမပေးဘူး၊ အမေမရှိဘူး၊ အဖေ မရှိဘူး၊ လောကကြီးမှာ အသိဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေ မရှိဘူး၊ ဒီအယူမျိုးဟာပဲ ဘာပါလိမ့်...(မိစ္ဆာဒိဋ္ဌိပါဘုရား)၊ မနောကံက ဘယ်နှစ်ပါးတုံး...။ (သုံးပါးပါဘုရား)။

ကောင်းပြီ၊ အဲဒီ ဆယ်ပါးသောကံကြောင့်၊ အမည်းဆယ်ပါးသော ကံကြောင့် ဒကာ ဒကာမတွေ အမည်းအကျိုးပေးလာရတယ်...။ (မှန်ပါ့ဘုရား)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/



**အဖြူကံဆိုတာ**

ကဲ...ဒီဘက်ကျတော့ အဖြူကံဆိုတာတော့ ပါဏာတိပါတ ကြဉ်ရှောင်လိုက်တယ်၊ အဖြူကံမဖြစ်ဘူးလား...။ (ဖြစ်ပါတယ်ဘုရား)၊ အဒိန္နာဒါန ကြဉ်ရှောင်လိုက်တယ်...။ (အဖြူကံဖြစ်ပါတယ်ဘုရား)။

ကာမေသုမိစ္ဆာစာရ ကြဉ်ရှောင်လိုက်တယ်...။ (အဖြူကံဖြစ်ပါတယ်ဘုရား)၊ ကာယကံသုံးပါး ကြဉ်ရှောင်လိုက်ရင် အဖြူကံဖြစ်တာချည့်ပဲ...။ (မှန်ပါ့)။

ဒကာအုန်း ကြဉ်ရှောင်မှနော်...။ (မှန်ပါ့ဘုရား)၊ ဒကာကြွယ် ကြဉ်ရှောင်မှနော်...။ (မှန်ပါ့ဘုရား)၊ ကဲ...တစ်ခါသွားပါဦး၊ မုသာဝါဒကြဉ်ရှောင်လိုက်တော့ ဝစီကံအဖြူဖြစ်တာပဲ...။ (မှန်ပါ့ဘုရား)။

ပိသုဏာဝါစာ ချောပစ်ကုန်းတိုက်တာ ကြဉ်ရှောင်လိုက်ပြန်တော့...(အဖြူကံဖြစ်ပါတယ်ဘုရား)၊ဝစီကံအဖြူပဲနော်...။ (မှန်ပါ့ဘုရား)၊ကောင်းပြီ၊ ဖရုသဝါစာ ကြမ်းကြမ်းတမ်းတမ်းလဲ မပြောပါဘူးလို့ ကြဉ်ရှောင်လိုက်ရင်...(ဝစီကံအဖြူပါဘုရား)၊ ဝစီကံအဖြူပဲ၊ သဘောကျပလား...။ (ကျပါပြီ)၊ သမ္ဖပ္ပလာပတဲ့၊ သိမ်ဖျင်းတဲ့စကားလဲ မပြောပါဘူး၊ ရယ်စရာ မပြောပါဘူး...။ (ဝစီကံအဖြူပါဘုရား)၊ အဖြူကံက ဘယ်နှစ်ပါးတုံး...။ (လေးပါးပါဘုရား)။

http://www.thitsarparamisociety.com/

အနဘိဇ္ဈာတဲ့၊ သူ့ပစ္စည်းတွေကို ရှေးရှုပြီး မကြံပါဘူး၊ မနောက် တစ်ပါး...။ (မှန်ပါ့)၊ အဗျာပါဒတဲ့၊ သူတစ်ပါး ညှဉ်းဆဲနှိပ်စက်တဲ့ စိတ်တွေကို ဖြုတ်ပါတော့မယ်၊ မေတ္တာပဲ ထားပါတော့မယ်ဆိုတော့ ဒါလဲ အဗျာပါဒမဖြစ်ဘူးလား...။ (ဖြစ်ပါတယ်ဘုရား)၊ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်၊ အမိ ရှိသေ ကိုင်းညွှတ်ရမယ်၊ အဖ ရှိသေကိုင်းညွှတ်ရမယ် ဟုတ်လား...။ (မှန်ပါ့)၊ အဲဒီကဲ့သို့ ယူတဲ့အယူကတော့ သမ္မာဒိဋ္ဌိ မဖြစ် ဘူးလား...။ (ဖြစ်ပါတယ်ဘုရား)။

ဒီ သမ္မာဒိဋ္ဌိကလဲ ဝိပဿနာဉာဏ်ပါပလား...။ (မပါ သေးပါဘုရား)၊ မပါသေးတော့ သုစရိုက်ဆယ်ပါးထဲမှာ ဝိပဿနာဉာဏ်က မပါသေးတော့ အဖြူကံပဲ ရှိတယ်...။ (မှန်ပါ့)၊ သူ အကျိုးပေးလို့ရှိရင်တဲ့ နတ်ရွာသုဂတိအကျိုး ပေးပါတယ်...။ (မှန်ပါ့ဘုရား)။

**အဖြူအမည်းရောတဲ့ ကံ**

အမည်းကံက အပါယ်လေးပါးပေါ့ဗျာ၊ အဖြူကံ ဆယ်ပါးကြောင့် အဖြူအကျိုးပေးရင် နတ်ရွာသုဂတိအကျိုး ပေးပါတယ်၊ သဘောပါပလား...။ (ပါ့၊ပါပြီဘုရား)။

အမည်းအဖြူရောတဲ့ကံဆိုတော့ ပြောဖို့မလိုတော့ဘူး၊ လိုသေးသလား...။ (မလိုပါဘုရား)။

http://www.thitsarparamisociety.com/


သို့သော် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ်အတွက်ကြောင့် သေနိယတို့၊ ပုဏ္ဏတို့ ဟောရပါလိမ့်မလဲ ဆိုတော့ ဩော်...ဒီလိုကံတွေကလဲ ဒကာအုန်း ရှိသေးတယ်၊ မရှိဘူးလား...။ (ရှိပါတယ်ဘုရား)။

ကဲ...ဒါဖြင့် စတုတ္ထကံကို ဒကာ ဒကာမတို့ အရေးတကြီး ဂရုစိုက်၊ အမည်းအဖြူမရောတဲ့ကံ၊ အမည်းအဖြူမရောတဲ့ကံဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ မဂ္ဂင်ရှစ်ပါး... (မှန်ပါ့ဘုရား)။

**အဖြူအမည်း မရောတဲ့ကံ**

အမည်းအဖြူမရောတဲ့ကံက...(မဂ္ဂင်ရှစ်ပါးပါဘုရား)၊ မဂ္ဂင်ရှစ်ပါး အလုပ်တရားလို့ ဒကာ ဒကာမတို့ မှတ်လိုက်တာပေါ့နော်...။ (မှန်ပါ့)။

မဂ္ဂင်ရှစ်ပါး...(အလုပ်တရားပါဘုရား)၊ အင်း... သူက ဘာပါလိမ့်...(အမည်းအဖြူမရောတဲ့ကံပါဘုရား)။

ဒါဖြင့် အမည်းအဖြူမရောတဲ့...ကံသည် အကျိုးပေးတော့ အမည်းအဖြူ မရောတာပဲ အကျိုးပေးတယ်...။ (မှန်ပါ့ဘုရား)။

အကျိုးပေးတော့...(အမည်းအဖြူ မရောတာဘဲ အကျိုးပေးပါတယ်ဘုရား)။

ဒါ အကျိုးပေးမယ်နော်၊ ဒါဖြင့် အပါယ်လေးပါးကော

http://www.thitsarparamisociety.com/


မပေးနိုင်ဘူး...။ (မှန်ပါ)၊ အင်း...နတ်ရွာသုဂတိကော...(မပေးနိုင်ပါဘုရား)၊ မပေးနိုင်ဘူးဆိုကတည်းက ဒီဟာတော့ ထည့်မပြောနဲ့တော့ လွတ်သွားပြီ၊ မလွတ်သေးဘူးလား...။ (လွတ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ သြော်...သူကဖြင့် "ကော ယနောယံ ဘိက္ခဝေ မဂ္ဂေါ" ဆိုတဲ့အတိုင်း နိဗ္ဗာန်ကို အကျိုး ပေးမယ်၊ နိဗ္ဗာန်သွားမှာပဲ...။ (မှန်ပါ)။

**မဂ်က နိဗ္ဗာန်ကို ရောက်အောင် ပို့တာ**

အဲဒီတော့ ဒီနေရာမှာ ဒကာ ဒကာမတို့ မှတ်စရာ ဒီနေ့ ဘုန်းကြီး ပြောချင်တာက မဂ်က နိဗ္ဗာန်ကို အကျိုး ပေးတာလား၊ ရောက်အောင် ပို့တာလားလို့ မေးရင် အကျိုး ပေးတယ်လို့ မယူနဲ့၊ ရောက်အောင်ပို့တယ်လို့ယူပါ...။ (မှန်ပါဘုရား)။

ဒီပြင်ဟာတွေကတော့ သူ့အကြောင်းနဲ့သူ့အကျိုး၊ သူ့အကြောင်းနဲ့သူ့အကျိုးလို့ ပြောစရာဖြစ်လာတယ်...။ (လာပါတယ်ဘုရား)။

မဂ်ကတော့ ဒီလိုအကျိုးပေးသလားလို့မေးတော့ မဟုတ်ပါဘူး...။ (မှန်ပါဘုရား)၊ မဂ္ဂင်ရှစ်ပါးက နိဗ္ဗာန် ရောက်အောင် ပို့တာပဲရှိတယ်...။ (မှန်ပါဘုရား)၊ နို့မဟုတ်

လို့ရှိရင် နိဗ္ဗာန်ကို ဖြစ်စေတဲ့တရား ဖြစ်သွားမယ်...။ (မှန်ပါ)၊ ဒါ သဘောပါပြီ...။ (မှန်ပါဘုရား)။

**နိဗ္ဗာန်ဟာ ဘယ်သူလုပ်လို့မှ ဖြစ်တာမဟုတ်**

"နိဗ္ဗာန်ကို မဂ္ဂင်က ဖြစ်စေတာလားလို့မေးရင် ဖြစ်စေတာ မဟုတ်ဘူး၊ နိဗ္ဗာန်ဟာ ဘယ်သူလုပ်လို့မှ ဖြစ်တာ မဟုတ်ဘူး"...။ (မှန်ပါ)၊ ရောက်အောင်ပို့တတ်တာပဲ ရှိတယ်...။ (မှန်ပါ)။

ဒါဖြင့် အကြောင်းအကျိုးသာဆိုရတယ်၊ ရောက်ကြောင်းသာ ဖြစ်ပါတယ်၊ ဖြစ်ကြောင်းတော့...(မဟုတ်ဘုရား)။

ဒါ သေသေချာချာ မှတ်နော်...။ (မှန်ပါ)၊ ဒါကြောင့် တရားကို ဒကာသစ်ရေ တစ်နေ့ တစ်လုံး တစ်နေ့ တစ်လုံး ပြောပေးတာ၊ များများပြောလိုက်လို့ရှိရင် ဒကာ ဒကာမတွေ ဘာမှ မမှတ်မိတော့ဘူး...။ (မမှတ်မိပါဘုရား)။

ကိုင်း...ဒါဖြင့် မဂ္ဂင်ရှစ်ပါးက အမည်းအဖြူ မရောတဲ့ ကံမို့ အမည်းအဖြူမရောတဲ့အကျိုး ပေးရတယ်လို့ ဆိုပင်ဆိုရငြားသော်လဲ ခုနင်က ဒီကံမျိုးတွေလို အကျိုးပေးတာ မဟုတ်ပါဘူး...။ (မဟုတ်ပါ)၊ ရောက်ကြောင်းဖြစ်တာကို ဆိုပါတယ်...။ (မှန်ပါ)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/


ဘယ်လိုမှတ်ကြမယ်...(ရောက်ကြောင်းဖြစ်တာကို ဆိုပါတယ်ဘုရား)။

ဒီပြင်ဟာတွေကတော့ "ကမ္မ သတ္တေဝိဘဇတိ၊ ကမ္မ သတ္တေ ဝိဘဇတိ" ရှိပါတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒီပြင်ဟာတွေကတော့ ကံနဲ့ကံ၏အကျိုး...(မှန်ပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)၊ သူကတော့ ကံမှ မဟုတ်တော့ဘဲပဲ၊ ကံလို့သာဆိုရတာ ဒီကံတွေနဲ့ ဆက်လာလို့သာ ကံဆိုရတာ၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် သူက အကျိုးပေးတာလား၊ ရောက်အောင်ပို့တာလား...။ (ရောက်အောင်ပို့တာပါ)၊ အဲ...ရောက်အောင် ပို့တာလို့ သိထားတော့ ဩော်...မဂ်သည် သမ္မာပလအကြောင်းပါလား၊ နိဗ္ဗာန်ကိုဖြစ်စေတာ မဟုတ်ပါလား...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**နိဗ္ဗာန်ဖြစ်စေတဲ့ တရား မရှိ**

ဒါဖြင့် နိဗ္ဗာန်ဖြစ်စေတဲ့တရား ဘယ်တော့မှ မရှိဘူး...။ (မှန်ပါ့)၊ "နိဗ္ဗာန်ကို ဖြစ်စေတဲ့ တရားရှိခဲ့သော် ဖြစ်စေတဲ့အကြောင်းပျက်ရင် နိဗ္ဗာန်ပျက်ရလိမ့်မယ်၊ မပျက်ပေဘူးလား...။ (ပျက်ပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


ဒါ ဉာဏ်နား ကြီးကြီးနဲ့ထောင်မှ သူ့ဟာက အမှန်ရောက်တယ်၊ ဒကာသစ်ရေ...(မှန်ပါ့ဘုရား)။

ပြောရတဲ့ ပုဂ္ဂိုလ်က ရှင်းအောင်ပြောပြသောလ်ခ်င်ဗျားတို့ကလဲ ဉာဏ်ကလေးထက်ထက်လာမှ အဖိုးကတန်တယ်နော်...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဦးလှဘူးတို့ နိဗ္ဗာန်ကို ဘယ်သူက ဖြစ်စေသတုံးမေးလို့ရှိရင် ဘယ့်နှယ်ပြောကြပါ့မလဲ...။ (ဘယ်သူကမှ မဖြစ်စေပါဘုရား)။

ဘယ်သူကမှ ဖြစ်စေတာမဟုတ်ဘူး...။ (မှန်ပါ့)၊ ဖြစ်စေလို့ရှိရင်၊ ဖြစ်စေတဲ့အကြောင်း ပျက်ရင် နိဗ္ဗာန်ပျက်မယ်...။ (မှန်ပါ့ဘုရား)။

ဖြစ်စေတဲ့အကြောင်းပျက်ရင်...(နိဗ္ဗာန်ပျက်မှာပါ)၊ နိဗ္ဗာန်ပျက်မယ်၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

စဉ်းစားကြည့်ပါ၊ ဟောဒီ ငရဲရောက်စေတဲ့ ကံတွေကုန်သွားတော့ ငရဲပျောက်တယ်၊ သူ့ဟာနဲ့သူနဲ့ ရှင်းနေပြီ၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ငရဲရောက်စေတဲ့ ကံကြောင့် ငရဲတွေဖြစ်တယ်၊ ငရဲထိန်း, ငရဲမီးတွေ ပေါ်မလာဘူးလား...။ (ပေါ်လာတယ်)၊ ဒါဟာ သူတို့ကတော့ ဖြစ်စေတဲ့အကြောင်း၊ ဒါဖြင့် ၁-၂-၃-က ဖြစ်စေတဲ့အကြောင်းတွေမို့ ဖြစ်စေတဲ့အကျိုးဖြစ်တယ်...။ (မှန်ပါ့ဘုရား)။

http://www.thitsarparamisociety.com/


စတုတ္ထမြောက် မမည်းမဖြူတဲ့ ကံကတော့ ဖြစ်စေတဲ့ အကြောင်းရယ်လို့ ဒကာအုန်းက မယူလိုက်ပါနဲ့…။ (မှန်ပါ)၊ ဖြစ်စေတဲ့အကြောင်းဖြစ်လို့ရှိရင် ဟောဒီ နိဗ္ဗာန်ဟာ ဖြစ်စေတဲ့ အကျိုး ဖြစ်လိမ့်မယ်၊ ဟောဒီ မဂ်တွေလဲ မရှိတော့ပါဘူး ဆိုရင် ဟောဒီနိဗ္ဗာန် ပျောက်လိမ့်မယ်…။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ခိုင်မြဲတဲ့ နိဗ္ဗာန်ဆိုတဲ့ အမိပ္ပာယ် ပျောက်သွားပြီ…။ (ပျောက်သွားပါပြီ)၊ တည်တံ့တဲ့နိဗ္ဗာန်… (ပျောက်သွားပါပြီ)၊ မပျက်စီးတဲ့ အသခ်ီတနိဗ္ဗာန်ဆိုတာကော… (ပျောက်သွားပါပြီဘုရား)။

ပျောက်သွားမှာ စိုးရတယ်တဲ့၊ ဒါ့ကြောင့် ဒီအမိပ္ပာယ် ကိုလဲ ဒကာသစ် ကောင်းကောင်းရှင်းပြဦးမယ်၊ ကောင်းကောင်းရှင်းပြတော့မှ ဦးလှဘူးတို့ ကျေနပ်ပြီ…။ (ကျေနပ်ပါပြီဘုရား)။

ဒါဟာ ၁–၂–၃–ဖြစ်စေတဲ့ အကြောင်းနဲ့ ဖြစ်စေတဲ့ အကျိုးပေါ့ဗျာ၊ သူကတော့ ရောက်စေတဲ့ အကြောင်းကြောင့် ရောက်ရာဌာန ရောက်ရတယ်၊ ဒီလိုယူရမှာ…။ (မှန်ပါ့ဘုရား)။

ရောက်စေတဲ့ အကြောင်းကြောင့် ရောက်ရာဌာန ရောက်ရတယ်၊ သူက ဒီလိုယူရမှာ…(မှန်ပါ့ဘုရား)။

အံမာ…ဒကာ ဒကာမတို့ ဒီဥစ္စာ လွယ်တယ် မှတ် မနေနဲ့နော်…။ (မလွယ်ပါ)၊ လွယ်တယ်မှတ်မနေနဲ့ ဒကာ

http://www.thitsarparamisociety.com/


ကြွယ်ရ…။ (မလွယ်ပါ)၊ အိမ်တွင်နေလို့ ခင်ဗျားတို့စာအုပ်တွေ ကြည့်လို့ရှိရင် ဝေးပါသေးရဲ့၊ ရကို မရဘူး၊ ရကို မရနိုင်ပါဘူးတဲ့၊ ကဲ…ဒါဖြင့် မှတ်မိကြပလား…။ (မှတ်မိပါပြီဘုရား)။

အခု ပြောလိုက်တော့ ဒကာအုန်းကို ကံနဲ့ ရောပြောလိုက်တော့ သူ့ကို ကံထင်နေတယ်၊ ကံထင်ရင် အကျိုးပေးလေရဲ့…။ (မှန်ပါ့)၊ စင်စစ်တော့ဖြင့် မဟုတ်ပါဘူးတဲ့၊ သူ ဉာဏ်ပဲ ရှိပါတယ်…။ (မှန်ပါ့ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ၁-၂-၃-ကတော့ဖြင့် ဖြစ်စေသော အကြောင်း၊ ၄-ကတော့ ရောက်စေသောအကြောင်း… (မှန်ပါ့ဘုရား)။

၁-၂-၃-က…(ဖြစ်စေသောအကြောင်းပါ)၊ ဖြစ်စေသော အကြောင်းနဲ့ ဖြစ်ဖို့အကျိုးတွေ သုံးခုပေါ်လာတယ်…။ (မှန်ပါ့)၊ ၄-နံပါတ်ကတော့ ဒကာ ဒကာမတို့…(ရောက်စေသော အကြောင်းပါ)၊ ရောက်စေသောအကြောင်း၊ သူက ဖြစ်အောင်တော့ မလုပ်နိုင်ဘူး၊ နိဗ္ဗာန်ဖြစ်အောင် မလုပ်နိုင်ဘူး၊ သူ ပို့ပေးမယ် ပြောတာပဲ…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

အဲဒါ ခွဲခွဲခြားခြားသိသွားလို့ရှိရင်ဖြင့် ခင်ဗျားတို့အတွက် ဘုန်းကြီး အများကြီး ကျေနပ်ပါတယ်…။ (မှန်ပါ့ဘုရား)။

http://www.thitsarparamisociety.com/


လွယ်ကို မလွယ်ဘူး ဒကာအုန်း၊ သေသေချာချာ ပြောနေတာ၊ လွယ်ပါ့မလား...။ (မလွယ်ပါဘုရား)။

မလွယ်ဘူးတဲ့၊ ဖြစ်စေတဲ့အကြောင်း ဖြစ်ခဲ့သော် သူများလိုပေါ့ဗျာ၊ သူလဲ ဖြစ်စေတဲ့အကြောင်းသာဆိုရင်ဖြင့် ဒီမဂ်ကလဲ အနိစ္စတရား၊ နိဗ္ဗာန်လဲ အနိစ္စဖြစ်မယ်၊ မဖြစ်ပေဘူးလား...။ (ဖြစ်ပါတယ်)၊ အဲဒါ ကွဲကွဲပြားပြား ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါ သံသယရှိတဲ့ ပုဂ္ဂိုလ်များအတွက်မှာဖြင့် သံသယ ပျောက်လောက်ပါပြီ၊ မပျောက်သေးဘူးလား...။ (ပျောက်ပါပြီဘုရား)။

အေး...ဒါ့ကြောင့် သဘောကို ပြောရတဲ့အခါကျလို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ အထူးဂရုစိုက်ပြီး သြော်...ဒီလိုပါလားဆိုတာ ကိုယ့်ဉာဏ်ထဲမှာ ဆုံးဖြတ်ချက်ချနိုင်လောက်အောင် နားထောင်ကြပါ...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီအဖြူကံက ဖြူသောအကျိုးပေးတယ်လို့ ဆိုတော့ သူက အကြောင်းနဲ့အကျိုး ဆက်နေတယ်...။ (မှန်ပါ)၊ ဆိုတော့ သြော်...နတ်ရွာသုဂတိတွေကလဲ ရောက်ကြောင်း လုပ်လိုက်လို့ရှိရင် ရောက်ကျိုးဆိုတာ ရတာပဲ...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒီကတော့ ပွားများပြီးလုပ်လို့ မဂ္ဂင်ဆိုက်လာမှ ခန္ဓာ

http://www.thitsarparamisociety.com/


ထဲ မဂ္ဂင်ရှစ်ပါးပြည့်လာမှ နိဗ္ဗာန်ရောက်ကြောင်းအဖြစ်နဲ့ သူက ပို့ပေးတယ်၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီပြင်ဟာတွေက လုပ်ပြီး အိပ်နေ ဒီသုံးခု ပေါ်ရော...(မှန်ပါ)။

သူကတော့ဖြင့် လုပ်ပြီး အိပ်နေလို့ကို မရဘူး၊ အမြဲ လုပ်ပြီးသကာလ ထာဝရဆိုသလို မဂ်စိတ်ဆိုက်လာတော့လဲ ဒီမဂ် ပြီးတာပေါ့ဗျာ...။ (မှန်ပါ)။

အဲဒီလိုရောက်ပြီးတဲ့အခါကျလို့ရှိရင် မပို့ပါနဲ့ဆိုလို့ ကို မရဘူး၊...။ (မရပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြ၊ ဒီကံတွေက ကြားဖြတ်ဝင်နိုင် တယ်၊ ဒီကံက ကြားဖြတ်မဝင်နိုင်ဘူး၊ ဒါ သေသေချာချာ အထူးမှတ်ပါ...။ (မှန်ပါဘုရား)။

အမည်းကံက အမည်းအကျိုးပေးတဲ့ဥစ္စာကို ကြားဖြတ် ဝင်နိုင်တယ်၊ အဖြူကံဟာ အဖြူအကျိုးပေးတယ်ဆိုငြား သော်လဲ ကြားဖြတ် ဒီကံက ဝင်သွားမယ်ဆိုရင် ပျက် တယ်...။ (ပျက်ပါတယ်ဘုရား)၊ အမည်းအဖြူရောတဲ့ ကံကလဲ ကြားဖြတ်ဝင်သွားရင်...(ပျက်ပါတယ်ဘုရား)။

**မမည်းမဖြူတဲ့ကံက နိဗ္ဗာန်ရောက်အောင် ပို့တယ်**

သူကတော့ "သမ္မတ္တနိယတာဓမ္မာ"တဲ့၊ မဖောက်မပြန် ဘဲနဲ့ နိဗ္ဗာန်ရောက်အောင်ပို့တယ်၊ သူ့မှာ ကြားဖြတ်ဝင်စရာ

http://www.thitsarparamisociety.com/


အကြောင်း မရှိဘူး...။ (မရှိပါ)၊ ဒါလဲ သေသေချာချာ မှတ်ရမယ်...။ (မှန်ပါဘုရား)။

ဒကာသစ် ဒီနေ့ပြောတာ နည်းနည်းနောနောသဘော မဟုတ်ဘူးနော်...။ (မှန်ပါ)၊ သေသေချာချာ ဉာဏ်နားနဲ့ ဒကာကြွယ်နာပါ၊ သာမည နာလို့ မရဘူးနော်...။ (မှန်ပါ့ဘုရား)။

ကျန်တဲ့ ၁-၂-၃-ကတော့ ကြားဖြတ်ကံက ဝင်နိုင်ပါတယ်၊ ဘာ့ကြောင့်တုံးဆိုတော့ ဒီကံတွေက မမြဲတဲ့ကံတွေ၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

စတုတ္ထဖြစ်တဲ့ အကဏှအသုက္ကဖြစ်တဲ့ မမည်းမဖြူတဲ့ ကံကတော့ သူတစ်ပါး ကြားဖြတ်လို့...(မရပါ)၊ မရဘူးတဲ့၊ သမ္မတ္တ နိယတာမ္မော=မဖောက်မပြန်ဘဲနဲ့ နိဗ္ဗာန်ရောက်အောင် ပို့တယ်၊ ဒါ ဘယ်သူ လာရှုပ်ရှုပ် တားလို့ ဆီးလို့ မရဘူး၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ကဲ...ဒါဖြင့် ယုတ်စွအဆုံး မရသေးတဲ့ ပုဂ္ဂိုလ်တောင် ဒီဘဝရမယ်လို့ သူ သေချာပြီးသားဖြစ်လာလို့ရှိရင် သံကိစ္စ သာမဏေတို့ ထောက်ကြည့်၊ မီးရှို့တာတောင် မလောင်ဘူး...။ (မှန်ပါ)၊ မရသေးဘူး၊ မရသေးဘူးနော်၊ ရမှာဧကန်ဖြစ်နေတဲ့အတွက် သူက လှမ်းထားတယ်၊ ဘယ်လောက် သတ္တိထက်သလဲဆိုတာ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

http://www.thitsarparamisociety.com/

သူက မီးပုံထဲကကို တစ်ခါတည်း အမိဝမ်းဗိုက်ထဲက နေပြီး တံစူးဝါးနဲ့ ထိုးလိုက်တဲ့အခါ ပြင်ဘက်ထွက်လာတယ်၊ အဲဒီအချိန်မှာ သူ မင်္ဂရပလား၊ မရသေးဘူးလားမေးရင်... (မရသေးပါဘုရား)။

သူ ကလေး ကလေး ရှိသေးတယ်...။ (မှန်ပါ)၊ ဒါတောင်မှ သူ့အရိန်အစော်ဟာ သူ ရမယ်ကောန်ဖြစ်နေတဲ့ အတွက် သေခွင့်မကြုံဘူး...။ (မှန်ပါဘုရား)။

ကဲ...အရှိန်အစော်ကြီးတာနဲ့ပဲ သေခွင့်မကြုံဘူးဆို ကတည်းက ဩော်...သူ့သတ္တိဟာ တကယ်ရမယ်ဆိုလို့ ရှိရင် ကြားကံ ဖြတ်လို့ မရပါကလား...။ (မှန်ပါ)၊ မီးရှို့ လို့ မရဘူး...။ (မှန်ပါ)၊ ပေါ်ပလား...။ (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီကံတွေပြည့်စုံအောင် လုပ်မယ် ဆိုလို့ရှိရင်ဖြင့် တို့ ဘာကြောက်စရာ ရှိသတုံး၊ မတော် သေခါနီးများဒီပြင်ဟာတွေများ ဝင်လာ ခက်ချည်သေးရဲ့...။ (မှန်ပါ)၊ ဘာမှ မပူနဲ့၊ ကြားဖြတ်မဝင်နိုင်ဘူး...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဘယ်လိုမှတ်ရမယ်...။ (ကြား ဖြတ်မဝင်နိုင်ပါဘုရား)။

ဒါဖြင့် ဒီကံတွေဟာ ကြားဖြတ်ဝင်နိုင်တာချည့်ပဲ...။ (ဝင်နိုင်ပါတယ်)၊ မင်္ဂကတော့...(မဝင်နိုင်ပါဘုရား)။

ဒါဖြင့် ဩော်...တို့အနှောင့်အယှက်ကင်းပြီးသကာလ အကျိုးပေး မှန်မှန်ကြီး အကျိုးပေးအောင်၊ တို့စိတ်ချရအောင်

http://www.thitsarparamisociety.com/

ဆိုလို့ရှိရင်ဖြင့် ကြားထဲက ခုနင်က ၁-၂-၃-တို့လို ကြားဖြတ်မဝင်အောင် ကြားဖြတ်မဝင်နိုင်တဲ့ကံတွေ ကိုယ်ပိုင် လုပ်ထားရမယ်...။ (မှန်ပါ)၊ မလုပ်ထိုက်ဘူးလား၊ လုပ်ထိုက် သလား...။ (လုပ်ထိုက်ပါတယ်)၊ ဒကာကြွယ် သေချာ ပလား...။ (သေချာပါပြီဘုရား)။

မလ္လိကာ မိဖုရားကြီးကျတော့ ဟောဒီ အဖြူကံတွေ ပေါ်လို့ ဒီက အမည်းကြားဖြတ်ချလိုက်တာ အဝီစိငရဲမှာ ခုနစ်ရက်ကျရတယ်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျ ပါပြီ)၊ ဒီ့ပြင်ဟာက ကြားဖြတ်ဝင်နိုင်တယ်ဆိုတာ ပေါ် ပလား...။ (ပေါ်ပါပြီ)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ကောင်းပြီတဲ့၊ တစ်သက်လုံး တံငါလုပ်လာတဲ့ ပုဂ္ဂိုလ် ကိုလဲတဲ့ ဒကာ ဒကာမတို့ ကြားဖြတ်ကုသိုလ်ကလေး လုပ်လိုက်ပြန်တော့ ကုသိုလ်ဘက်က ကုသိုလ်က အမည်းကံ နေရာကို ကြားဖြတ်လို့ ရတယ်...။ (ရပါတယ်)၊ အဲဒီတော့ အမည်းအဖြူဆိုတာ ပြောဖို့ လိုသေးသလား...။ (မလိုပါ ဘုရား)။

အဲ...စတုတ္ထကံကတော့ ဒကာ ဒကာမတို့ သေသေ ချာချာ စဉ်းစားပါတဲ့၊ ကိုယ်ပိုင်လဲ ရအောင်လုပ်ပါ၊ သူများ ကို ကြားမဖြတ်နိုင်ဘူး...။ (မှန်ပါ)၊ ဒကာအုန်း စိတ်မချ ရဘူးလား...။ (ချရပါတယ်ဘုရား)။

အဲဒီတော့ ပါဠိတော်ကို လိုချင်လို့ရှိရင်ဖြင့် ဓမ္မသင်္ဂဏီ

http://www.thitsarparamisociety.com/

ပါဠိတော်မှာ...သမ္မတ္တနိယတာဓမ္မာ=မဖောက်မပြန်ဘဲနဲ့ မြဲသောအကျိုးပေးတတ်ကဖြင့် သူပဲတဲ့...။ (မှန်ပါ့ဘုရား)။

ဘယ်တော့မှ မဖောက်ပြန်ဘူးတဲ့...။ (မှန်ပါ့)၊ မဂ်ရတဲ့ ပုဂ္ဂိုလ် ပါဏာတိပါတ လွန်ကျူးပါဆိုလို့ကော... (မလွန်ကျူးပါ)၊ မလွန်ကျူးတော့ဘူး၊ သဘောကျပလား...။ (ကျပါပြီ)၊ သေရည်သေရက် သောက်ပါဆိုလို့ကော... (မသောက်ပါဘုရား)။

သူက သူ ရောက်လာတယ်ဆိုရင်ဖြင့် သူ ပယ်လိုက်တာပဲ၊ ဒကာကြွယ် အကုန်ပယ်ပြီးသား...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် သူ ပယ်လိုက်တာကို ဘေးက ပုဂ္ဂိုလ်တွေက ဘယ်လိုပဲ ဖျက်ဆီးနေကြားသော်လဲ...(မရပါ)၊ မရနိုင်ဘူး ဆိုတာ သူ မြဲတယ်...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

သူ မြဲတဲ့အတွက် သူသည် မြဲသောအကျိုးကို ပေးရတယ်...။(မှန်ပါ့)၊ မြဲသော နိဗ္ဗာန်ကိုလဲ ရောက်အောင်ပို့ရတယ်...။ (မှန်ပါ့)၊ ကဲ...ဦးလှဘူး စိတ်ချရပလား...။ (စိတ်ချရပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့မှာ၊ ခင်ဗျားတို့ အိမ်မှာ ဥပမာ စစ်သံဘာသံတွေ ကြားတဲ့အခါတော့ ဟော့... မရိုးနိုင်တဲ့ပစ္စည်းစုရအောင်ဟော့တဲ့...။ (မှန်ပါ့)၊ ဒါကို ခင်ဗျားတို့ ဂရုစိုက်ကြတယ်...။ (စိုက်ပါတယ်ဘုရား)၊ မစိုက်ကြ

http://www.thitsarparamisociety.com/


ဘူးလား...။ (စိုက်ပါတယ်ဘုရား)၊ ရှိ–ရှိသလိုပေါ့ဗျာ...။ (မှန်ပါ့)၊ မရှိတော့လဲ မရှိတဲ့ ပုဂ္ဂိုလ်ပေါ့...။ (မှန်ပါ့ဘုရား)။

အဲဒီတော့ မရိုးနိုင်တဲ့ပစ္စည်း၊ ပေါင်နှံလွယ်တဲ့ပစ္စည်း၊ လူသုံးများတဲ့ပစ္စည်း၊ အဲဒါသည်ကားလို့ဆိုရင် ဒီပစ္စည်းကို ဒီ့ပြင်ဟာတွေကတော့ကွာ မီးလောင်ရင်လဲ ပြာကျသွားရင် ခက်တယ်ကွ၊ အစရှိသည်နဲ့၊ ညများ တိုင်ပင်သလိုပေါ့လေ နော်...။ (မှန်ပါ့ဘုရား)။

ထိုနည်းအတူပဲ...တဲ့၊ ဘယ်အခါကာလမဆို အသုံးတည့်တဲ့ ပစ္စည်းဟာ အားကိုးရတဲ့ပစ္စည်းမှတ်ပါ...။ (မှန်ပါ့ဘုရား)။

**ရောက်စေနိုင်တဲ့တရား**

ဒါဖြင့် ဒါ အသုံးတည့်တဲ့ ပစ္စည်းပဲ...။ (မှန်ပါ့)၊ ဒါဖြင့် သူ နိဗ္ဗာန်ကို တကယ်တမ်းအားကိုးရာအဖြစ်နဲ့ တကယ်တမ်း ရောက်စေနိုင်တဲ့ တရားပဲ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဖြစ်စေတာလား၊ ရောက်စေတာလား...။ (ရောက်စေတာပါ)၊ ကျန်သုံးခုကတော့ ဘယ့်နှယ်ဖြေကြမလဲ...(ဖြစ်စေတာပါ)၊ ဖြစ်စေတာနဲ့ ရောက်စေတာဟာ တခြားစီပါလား...။ (တခြားစီပါဘုရား)။

http://www.thitsarparamisociety.com/


ဒကာ ဒကာမတို့ ဘယ်လို မှတ်ကြမယ်...။ (ဖြစ်စေတာနဲ့ ရောက်စေတာဟာ တခြားစီပါဘုရား)။

**ဖြစ်စေနိုင်တဲ့တရား**

ဖြစ်စေနိုင်တာက ၁-၂-၃-ပဲ...။ (မှန်ပါ့)၊ သူတို့က ဖြစ်စေနိုင်တယ်...။ (မှန်ပါ့)၊ သူကတော့ ရောက်စေနိုင်တယ်...။ (မှန်ပါ့ဘုရား)။

အဲဒါတွေ ရော-ဟောလို့ရှိရင် ဒကာအုန်း ရောကုန်ပြီ...။ (မှန်ပါ့)၊ ရောကုန်ပြီ...ရောကုန်ပြီ...(မှန်ပါ့)၊ မင်းနိဗ္ဗာန်ရောက်မှာပေါ့ကွာ၊ ဖြစ်စေကနေပြီး ရောက်စေဘက်ကူးနေတယ်...။ (မှန်ပါ့ဘုရား)။

သေသေချာချာ နားကြီးကြီးနဲ့ ခုလို ခရေစေ့တွင်းကျ သူ့အကွက်နဲ့ သူ ပြမှ ဒီဥစ္စာကလဲ ဒကာကြွယ် ရှင်းတာနော်...။ (မှန်ပါ့)၊ ဒီအတိုင်းပြောင်းဖို့ဆိုတာကတော့ လွယ်ကို မလွယ်ဘူး၊ ပုံချပြလို့ အခုရှင်းတာ...။ (မှန်ပါ့)၊ ကဲ... ဒါဖြင့် ပေါ်ကြပါပြီ...။ (ပေါ်ပါပြီဘုရား)။

**မဆည်းမပြုတဲ့ကံ၏သတ္တိ**

ကဲ...ဒါဖြင့် သူသည် ဒကာ ဒကာမတို့ ရောက်လဲရောက်စေတယ်၊ သူ့သတ္တိနော်...။ (မှန်ပါ့)၊ ဟောဒီကံသုံးကံကိုလဲ ဖြတ်တယ်...။ (မှန်ပါ့)။

http://www.thitsarparamisociety.com/


သေသေချာချာမှတ်ပါ၊ နိဗ္ဗာန်ကိုလဲ...(ရောက်စေပါတယ်)၊ ကံသုံးကံကိုလဲ...(ဖြတ်ပါတယ်ဘုရား)၊ တယ်လဲအဖိုးတန်ပါလား...။ (အဖိုးတန်ပါတယ်ဘုရား)။

ကံသုံးကံကိုလဲ...(ဖြတ်ပါတယ်ဘုရား)၊ နိဗ္ဗာန်လဲ...(ရောက်စေပါတယ်ဘုရား)။

ဒါဖြင့် ဘယ်အခါမှ မရိုးတဲ့ပစ္စည်းဟာ သူပဲ...။ (မှန်ပါ့)၊ ဘယ်အခါမဆို အားကိုးထိုက်တဲ့ပစ္စည်းဟာ...(သူပါဘုရား)၊ ဘယ်မင်းလာလာ ကျုပ်တို့ ငွေစက္ကူတွေလို မဟုတ်ဘူး...။ (မဟုတ်ပါဘုရား)၊ မဟုတ်ဘူးလား၊ မင်းပြောင်း၊ စက္ကူပြောင်းတာကိုး...။ (မှန်ပါ့)၊ အခုတော့ ဒီလို ဟုတ်ကဲ့လား...။ (မဟုတ်ပါဘုရား)၊ ကဲ...ထာဝရ ပစ္စည်းဟာ သူပဲ...။ (မှန်ပါ့)။

ဒါကြောင့် သမ္မတ္တနိယတာမဂ္ဂ=မဖောက်မပြန်ဘဲနဲ့ အကျိုးပေးတယ်...။ (မှန်ပါ့)၊ ဒီပြင်ဟာတွေက ဖောက်ပြန်တယ်...။ (မှန်ပါ့)၊ ဒီပြင်ဟာတွေက ဖောက်ပြန်တယ်...။ (ဖောက်ပြန်ပါတယ်ဘုရား)၊ သူကကော...(မဖောက်ပြန်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ယနေ့ တရားနာရတာသည် ဒကာ ဒကာမတို့ သဘောမှာဖြင့် အင်မတန်ကြီးပါတယ်...။ (မှန်ပါ့)၊ သဘောအတွက်မှာ သိပ်ကောင်း

http://www.thitsarparamisociety.com/


တယ်...။ (မှန်ပါ့)၊ တရားနာလို့တော့ ဒါလောက်မကောင်းဘူး...။ (မှန်လှပါဘုရား)။

**အားကိုးရာအစစ်**

ကဲ...သို့သော်လဲ ဒါတွေသိထားမှသာလျှင် ဩော်...တို့လဲ အားကိုးရာအစစ် ရှာပါတော့မယ်ဆိုတဲ့၊ စိတ်ကို ဆုံးဖြတ်ချက်ချတဲ့ ပုဂ္ဂိုလ်များကျတော့ အင်း...အမည်းလဲ ချနိုင်တာပဲ၊ အဖြူလဲ လမ်းမဆုံးသေးဘူး၊ အမည်း အဖြူ မရောတဲ့ ကံသည် တို့၏ အားထားရာ အားကိုးရာအစစ်ပဲ ဆိုတာ ပေါ်လာတယ်...။ (ပေါ်လာပါတယ်ဘုရား)၊ မပေါ်သေးဘူးလား...။ (ပေါ်လာပါတယ်ဘုရား)။

ကဲ...ဒါဖြင့် ဘာအားကိုးကြမယ်...။ (အမည်း အဖြူ မရောတဲ့ကံ အားကိုးကြပါမယ်ဘုရား)၊ အားကိုးရာအစစ် ပေါ့ဗျာ...။ (မှန်ပါ့ဘုရား)။

ဒီပြင်ဟာတွေက သူများ ကြားဝင်...(ပျက်ပါတယ်ဘုရား)၊ ပျက်တယ်ဆိုတာ ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဒကာ ဒကာမတို့ ဒီဥစ္စာဟာ ဒကာအနှံ ဒီနေ့ ကျကျနနသိတဲ့နေ့ပဲ...။ (မှန်ပါ့)၊ ဆိုထိုက်ကြပလား...။ (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် သူ့မှာ ဘယ်နှစ်သတ္တိရှိသတုံးဆိုတာကလေးကို နိဂုံးချုပ်မှတ်လိုက်...။ (မှန်ပါ့)၊ နိဗ္ဗာန်ကိုလဲ ရောက်

http://www.thitsarparamisociety.com/


စေတယ်...။ (ရောက်စေပါတယ်)၊ တစ်ပါးသောကံတွေကို မကောင်းတာတွေဟူသရွေ့၊ မဟုတ်တာတွေဟူသရွေ့ အကုန်ဖြတ်တယ်...။(ဖြတ်ပါတယ်ဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)။

ဒါဖြင့် ဘုရားက ဟောဒီဥစ္စာကွာ...တဲ့၊ ကံတွေကို ကုန်စေတတ်တဲ့တရား...တဲ့...။ (မှန်ပါ့ဘုရား)၊ ကံကို ကုန်စေပြီးသကာလ မဖောက်မပြန်ဘဲနဲ့ နိဗ္ဗာန်အရောက်ပို့တဲ့ တရားတဲ့၊ ဒါကို သေသေချာချာမှတ်ပါ...။ (မှန်ပါ့)။

ကံတွေကိုလဲ...(ကုန်စေတတ်ပါတယ်ဘုရား)၊ နိဗ္ဗာန်ကိုလဲ...(ရောက်စေတတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီ ဒကာ ဒကာမတွေ ဒီဟာ အားကိုးရာ အစစ်အမှန်ဖြစ်၍ မလုပ်မနေရမည့်တရား သူ့ပါဝင်တယ်...။ (မှန်ပါ့)။

စစ်ရိပ်စစ်ငွေ့နီးလာတဲ့အခါကျလို့ရှိရင် ဒီပစ္စည်းဟာဖြင့် မသုံးမဖြစ်တဲ့ပစ္စည်း၊ တို့ ထားမယ်ဆိုတဲ့စိတ်ထားရှိသလို၊ ဒီမှာလဲ ဒကာ ဒကာမတွေ တကယ်အားကိုးရာ အစစ်ကိုဖြင့် မလုပ်မဖြစ်တဲ့ ပစ္စည်းမို့ အရလုပ်ထားမယ် ဆိုတဲ့ စိတ်ကို ဒကာကြွယ် မွေးရလိမ့်မယ်...။ (မွေးရမှာပါဘုရား)၊ ဦးလှဘူး ကျေနပ်ပလား...။ (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒုစရိုက်ဆယ်ပါးက ဒကာ ဒကာမတို့ မည်းသောအကျိုးပေးတယ်...။

http://www.thitsarparamisociety.com/


(မှန်ပါ့)၊ သုစရိုက်ဆယ်ပါးက…(ဖြူသောအကျိုးပေးပါတယ်)၊ ဒုစရိုက်, သုစရိုက်အရောက…(အမည်းအဖြူအကျိုးပေးပါတယ်)၊ ဒုစရိုက်, သုစရိုက်နဲ့ ဘာမှ မဆက်ဆံတဲ့ မဂ္ဂင်က…(နိဗ္ဗာန်အကျိုးပေးပါတယ်ဘုရား)၊ အဲ… နိဗ္ဗာန်အကျိုးပေးတယ် မယူနဲ့၊ နိဗ္ဗာန်အရောက်ပို့တယ်ယူ…။ (မှန်ပါ့)၊ အင်း…အကျိုးပေးတယ်ဆို သူက လုပ်တာလို့ အဓိပ္ပာယ်ရောက်သွားလိမ့်ဦးမယ်…။ (မှန်ပါ့)။

ရောက်လို့ရှိရင်၊ အကြောင်းပျက်ရင်…(အကျိုးပျက်ပါတယ်ဘုရား)၊ အကျိုးပျက်သွားတော့ နိဗ္ဗာန်ဟာ ပျောက်သွားလိမ့်ဦးမယ်…။ (မှန်ပါ့)၊ သဘောပါပလား…။ (ပါ,ပါပြီ ဘုရား)။

ဒါကြောင့် ဒကာသစ်ရေ မလွယ်ဘူးဆိုတာ ပေါ်ပလား…။ (ပေါ်ပါပြီ)၊ မလွယ်ဘူး…မလွယ်ဘူး။

ကဲ…ဒါဖြင့် ဒကာ ဒကာမတို့ ဒီဥစ္စာ အားလုံးတရားနာလာကြတဲ့ ဒကာ ဒကာမတွေ၊ ဩော်… တို့ဘုန်းရှိ ကံရှိ, ပါရမီရှိ, အသေမဦးသေးလို့ တို့လာလို့ကြားလိုက်ရတာ…။ (မှန်ပါ့)၊ ဒါကလေး ဩော်…တို့အားကိုးအစစ်ဟာ ဒါ ထားကြတယ်…။ (မှန်ပါ့)၊ ၂-ကိုထားကြတယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)၊ ၄-ကိုရောက်တဲ့ ပုဂ္ဂိုလ်ဟာ ရှားတယ်…။ (ရှားပါတယ်ဘုရား)၊ မရှားဘူးလား…။ (ရှားပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


အခု သေပျော်ပြီဆိုတဲ့ဥစ္စာ ဒါတွေပဲ…။ (မှန်ပါ့)၊ သေပျော် နေပျော်ပြီဆိုတာ ဒါတွေပဲ…။ (မှန်ပါ့)၊ သို့သော် လမ်းမဆုံးသေးဘူးဆိုတာ ပေါ်ပလား…။ (ပေါ်ပါပြီ)၊ သူ့ ကိုပဲ ဗောဓိမဂ္ဂင်က ဖြတ်ရဦးမှာ…။ (မှန်ပါ့)၊ သဘောကျ ပလား…။ (ကျပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဖြတ်ရသတုံး…လို့ မေးတဲ့အခါ သူက နတ်ရွာသုဂတိအကျိုးပေးပစ်လိုက်တယ်…။ (မှန်ပါ့)၊ နတ်ရွာသုဂတိဆိုတော့ ဘာသစ္စာတုံး…။ (ဒုက္ခသစ္စာပါ)၊ အင်း…ဒုက္ခသစ္စာအကျိုးပေးမှာကို သူက ဖြတ်ရလိမ့် မယ်…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီ)။

အဲဒါ မလုပ်နဲ့လို့ဆိုတာ မဟုတ်ဘူး…တဲ့၊ ဝိဝဋ္ဋ ဖြစ်အောင်လုပ်…။ (မှန်ပါ့)။

ဝိဝဋ္ဋဖြစ်အောင်… (လုပ်ရမှာပါဘုရား)၊ ဝိဝဋ္ဋ ဖြစ်အောင် ဒီကံ ဒကာ ဒကာမတွေ ဝိဝဋ္ဋဖြစ်အောင် တစ်ခါတည်း ၄–နံပါတ် ဆိုက်လာအောင် ဒုက္ခသစ္စာမြင်ပြီး ဒီဒုက္ခဝဋ်ကိုမှ ကျွတ်ချင်လို့ လှူပါတယ်၊ တန်းပါတယ်၊ ကျောင်း ဆောက်ပါတယ်၊ ဘုရား တည်ပါတယ်ဆို လုပ် သာလုပ်… (မှန်ပါ့ဘုရား)၊ ရှင်းပလား…။ (ရှင်းပါပြီ ဘုရား)။

http://www.thitsarparamisociety.com/

**သစ္စာအနုလောမိကဉာဏ် ရအောင်လှုပ်**

ခင်ဗျားတို့ ဒီ ကမ္မဿကတဉာဏ်လောက်နဲ့တော့ မတော်ဘူး...။ (မှန်ပါ့ဘုရား)၊ သစ္စာအနုလောမိကဉာဏ် ရောက်အောင်...(လုပ်ရပါမယ်)၊ ရှင်းပလား...။ (ရှင်းပါပြီ ဘုရား)။

ဖြစ်ပျက်ခန္ဓာတွေကို...မြင်ပြီးသကာလ ဒီဒုက္ခဝဋ်မှ ကျွတ်ချင်လို့ ဒီကျောင်း, ဒီဘုရား, ဒီဆွမ်းတွေ ကျွေးပါ တယ်ဆိုလို့ရှိရင် ဒကာကြွယ် အကြီးအကျယ် လွတ်ပါ တယ်...။ (မှန်ပါ့ဘုရား)၊ ပေါ်ပလား...။ (ပေါ်ပါပြီ ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ စတုတ္ထကံသည် သတ္တိ ဘယ်နှစ်သတ္တိရှိသလဲ ပြန်ပြီး မေးပြန်တယ်...။ (နှစ်သတ္တိပါဘုရား)၊ သူများကံကိုလဲ...(ဖြတ်ပါတယ်)၊ နိဗ္ဗာန်ကိုလဲ...(ပို့ပါတယ်)၊ အဲ...ဒါဖြင့် ကံဖြတ်တယ်၊ အရောက်လဲ ပို့တယ်...။ (မှန်ပါ့ဘုရား)။

ကံကိုလဲ...(ဖြတ်ပါတယ်ဘုရား)၊ အရောက်လဲ... (ပို့ပါတယ်ဘုရား)။

ဒါဖြင့် ဒီကံသည် ဒကာအုန်းတို့ ကိုးစားထိုက်၊ အားထားထိုက်တဲ့ ကံပဲ...။ (မှန်ပါ့ဘုရား)၊ သေချာပြီ မဟုတ်လား...။ (သေချာပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


သေချာတော့ ဒကာ ဒကာတို့ ...တဲ့၊ ဟုတ်,မဟုတ် အကဲခတ်ကြတာပေါ့နော်...။ (မှန်ပါ)၊ ဟုတ်,မဟုတ် အကဲခတ်တဲ့အခါကျတော့ ခင်ဗျားတို့ အခုတော့ ဝတ္ထုသက်သေသာဓကတွေနဲ့ ဟော...သူသတ်ယောကျ်ားဝတ္ထုတွေမှာ အမည်းကံ...(မှန်ပါဘုရား)။

ဦးဘအုန်း ဘာကံ ခေါ်သလဲ...။ (အမည်းကံပါဘုရား)၊ အမည်းအကျိုးပေးပါတော့လား...၊ မပေးဘူး...။ (မှန်ပါ)၊ ဒီကံက စေတနာအထမြောက်သွားလို့...(မှန်ပါ)၊ စေတနာအထမြောက်သွားတဲ့အတွက် သူ ငရဲကျသေးရဲ့လား...။ (မကျပါဘုရား)၊ ဘယ့်နှယ်ကြောင့်ပါလိမ့်...။ (ဖြတ်ချလိုက်လို့ပါဘုရား)၊ အမည်းအဖြူ မရောတဲ့ကံက ဖြတ်ချလိုက်ပါတယ်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အမည်းအဖြူ မရောတဲ့ကံက...(ဖြတ်ချလိုက်ပါတယ်ဘုရား)၊ အမည်းတွေ အကုန်ဖြတ်ချလိုက်တယ်၊ အမည်းအကျိုးတွေဖြတ်တယ်...။ (မှန်ပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ တချို့အဖြူတွေပဲ လုပ်ပြီးသကာလ ယူကြတာပဲတဲ့၊ လင်နဲ့မယား တောင်းချင်တဲ့ဆု တောင်းပြီးသကာလ ဤကုသိုလ်ကြောင့် လူ့ပြည်၊ နတ်ပြည် အကြိမ်ကြိမ်ခံစား၍ ဆိုတာတွေက နတ်ကို

http://www.thitsarparamisociety.com/


တက်နေတာပဲ...။ (မှန်ပါ)၊ နိဗ္ဗာန်ဆိုတာလဲ ရောက်ဖို့ရာ မရှိဘူး၊ သူ့အကြိမ်ကြိမ်ကလဲ ဘယ်လောက်မှန်း မသိဘူး၊ နေချင်သလောက် နေပါရစေဆိုတော့ သေချင်သလောက် သေပါစေဆိုတာက ပါနေတယ်...။ (မှန်ပါဘုရား)၊ မပါဘူးလား...။ (ပါ,ပါတယ်ဘုရား)။

အဲဒါတွေက ဒီလိုလှူဒါန်းပေးကမ်းပြီးသကာလ မသိခင်က လုပ်တဲ့ ဝဋ္ဋဒါနတွေကိုလဲ...တဲ့၊ ဒကာ ဒကာမတွေ သိတဲ့အတိုင်းတဲ့၊ ဝိသာခါများ ဥပုသ်စောင့်တာတွေဟာ ကျုပ် သားကောင်းရတနာ မွေးဖွားဖို့...(မှန်ပါ)၊ မလာဘူးလား ဗျာ...။ (လာပါတယ်ဘုရား)။

အင်း...လင်ကောင်း သားကောင်း ရပြီးသကာလ သားသမီးတွေဖွားဖို့ အစရှိသည်နဲ့ ဒီလိုပဲ ဥပုသ်စောင့်နေတာ တွေလဲ တစ်ပုံကြီးပါပဲ...။ (မှန်ပါ)၊ ဝိသာခါဝတ္ထုမှာ သေသေချာချာ ပါတာပဲ...။ (မှန်ပါဘုရား)၊ မပါဘူး လား...။ (ပါ,ပါတယ်ဘုရား)။

အဲဒါတွေလဲ နောက်ဆုံးပိတ် ဒကာ ဒကာမတွေ ကျွတ်တမ်းဝင်တဲ့အချိန်ကျလာပြန်တော့လဲ ဒီအဖြူကွက်ကိုလဲ သူကပဲ ဖြတ်တာပဲ...။ (မှန်ပါဘုရား)၊ မဖြတ်ဘူးလား...။ (ဖြတ်ပါတယ်ဘုရား)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

အမည်းအဖြူရောပြီး အာဋ္ဌာဝကတို့လိုကျတော့ ကြည့်စမ်း ဘီလူးရယ်လို့ ဖြစ်လာတယ်...။ (မှန်ပါ)၊ အမည်း

http://www.thitsarparamisociety.com/

အဖြူ ရောတဲ့ကံ လုပ်လို့…(မှန်ပါ)၊ တန်ခိုးကတော့ ကြီးတယ်…။ (ကြီးပါတယ်ဘုရား)၊ မြင်းမိုရ်တောင်ကြီးကိုပင် ခြေထောက်နဲ့ ဆောင့်လိုက်မယ်ဆိုရင် ချက်ချင်းကွဲတယ်…။ (မှန်ပါဘုရား)၊ ဒါလောက်တောင် တန်ခိုးကြီးတယ်…။ (မှန်ပါဘုရား)။

အဲဒီ ကံတွေကိုလဲ နောက် ဘုရားက မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဟောလို့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ကြိုးစားလိုက်တဲ့အခါကျတော့ သူ့အကျိုးပေးတွေလဲ ရှေ့ကို ဆက်ပြီး ပေးနိုင်သေးရဲ့လား…။ (မပေးနိုင်ပါဘုရား)၊ အမည်းအဖြူ ရောတဲ့ ကံကို ဘာလုပ်ပြန်သတုံး…။ (ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ကံလဲ ဖြတ်တယ်…။ (မှန်ပါ)၊နိဗ္ဗာန်လဲ… (အရောက်ပို့ပါတယ်ဘုရား)၊ အရောက်ပို့တယ်ဆိုတာ သေချာပလား…။ (သေချာပါပြီဘုရား)။

ဒါဖြင့် ကံလဲ ဖြတ်တယ်…။ (မှန်ပါ)၊ နိဗ္ဗာန်လဲ… (အရောက်ပို့ပါတယ်ဘုရား)၊ အရောက်ပို့တယ်ဆိုတာ သေချာပလား…။ (သေချာပါတယ်ဘုရား)။

တဲ…ဒါဖြင့် ဒီနေ့ တော်တော် ကျေနပ်ပြီ…။ (ကျေနပ်ပါပြီဘုရား)၊ ဦးဘအုန်း ကျေနပ်ပလား…။ (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သူ့ဝတ္ထုနဲ့ သူ့သက်သေသာကေနဲ့ အလုံးစုံ အကုန်ရှင်းပြီးသကာလနေတော့ ဒီကံဖြတ်အလုပ်

http://www.thitsarparamisociety.com/


ဆိုတာလဲ ဒကာ ဒကာမတို့ ဒီအတိုင်းနေလို့တော့ဖြင့် သူက ဖြတ်ပေးမယ် မဟုတ်ပါဘူး...။ (မဖြတ်ပါဘုရား)။

ဒီအတိုင်းနေလို့တော့...(ဖြတ်မပေးပါဘုရား)၊ ဘာ လုပ်ရမတုံးမေးတဲ့အခါ သူ့ကို ဝမ်းထဲရောက်ဖို့ အရေးကြီး တယ်...။ (မှန်ပါ)။

**မီးဖိုး၍ လွှတ်သလို**

ဒီ မဂ္ဂင်ရှစ်ပါး၊ မဂ္ဂင်ငါးပါးဟာ ဘယ်ရောက်ဖို့ အရေး ကြီးသတုံး...။ (ဝမ်းထဲ ရောက်ဖို့ အရေးကြီးပါတယ် ဘုရား)။

ဒကာ ဒကာမတို့ မီးအိမ်ပျံ, မီးပုံးလွှတ်တဲ့အခါ အလိုလိုတက်သလား၊ မီးခိုးဖြစ်အောင် လုပ်ပေးမှ တက် သလား...။ (မီးခိုးဖြစ်အောင်လုပ်ပေးမှ တက်ပါတယ် ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ မဂ္ဂင်မီးခိုးဖြစ်အောင်တော့ လုပ် ကြဦး၊ ဒါမှ တက်မှာ၊ နို့မဟုတ်ရင် မတက်ပေဘူး...။ (မှန်ပါ)၊ နို့မဟုတ်ရင် တက်ပါ့မလား...။ (မတက်ပါ ဘုရား)။

အဲ...ဒါဖြင့် အိမ်ကနေပြီးသကာလ ကျုပ်တို့က နိဗ္ဗာန်ရချင်ပါတယ်၊ ထိုက်တန်သလောက်လဲ ကျုပ်တို့လုပ် နိုင်သလောက် လုပ်ပါတယ်၊ ဒါလောက်နဲ့ မရသေးဘူး...။

http://www.thitsarparamisociety.com/


(မှန်ပါ)၊ တက်နိုင်အောင်မီးခိုးကိုလုပ်မှ တက်မှာ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

တက်နိုင်အောင် မီးပုံးကို ရှိနိုင်မှ...(တက်မှာပါဘုရား)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ရွာထဲ,ရပ်ထဲမှာ ဒကာကြွယ်တို့က နတ်ချိုပြည်စိုးဆိုပြီးသကာလ အို...ဒါလောက်ဆိုရင် မင်း မနည်းပါဘူးကွာလို့ ဒါလောက်ကလေးနဲ့ မတော်ဘူးနော်...။ (မှန်ပါ)၊ အဟုတ်ကြိုးစားရမည့်တရားကို အဟုတ်ကြိုးစားမှ ဖြစ်မှာ...။ (မှန်ပါ)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ ခုနင်က မီးပုံးပျံ လွှတ်သလိုပေါ့ ဒကာကြွယ်၊ မှိုင်းပြည့်အောင်လုပ်မှပဲ သူ တက်မှာပဲ...။ (မှန်ပါ)၊ နို့မဟုတ်ရင် တက်ပါ့မလား...။ (မတက်ပါဘုရား)။

ဒီမှာလဲ ရုစ်ပါးပြည့်မှပဲ သူ ကံဖြတ်မယ်...။ (မှန်ပါ)၊ ရှစ်ပါးမပြည့်သေးရင်...(ကံမဖြတ်ပါဘုရား)။

ကံဖြတ်မပေးနိုင်ဘူးကွာဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ အမည်းအဖြူရောတဲ့ ကံကိုလဲ ခင်ဗျားတို့ ပြုလျက်ပဲ...။ (မှန်ပါ)၊ အဖြူသက်သက်လဲပဲ...(ပြုလျက်ပါဘုရား)၊ အမည်းကံကိုလဲ...(ပြုလျက်ပါပဲဘုရား)။

အဲ...ပြုလျက်ဆိုတော့ သူတို့ဘက်က လှည့်သွားမယ်

http://www.thitsarparamisociety.com/


ဆိုလို့ရှိရင်တော့ ဒကာအုန်း ပြန်လမ်းမပါဘူး...။ (မှန်ပါ့) ပြန်လမ်းပါသေးရဲ့လား...။ (မပါ,ပါဘုရား)။

အေး...ဒါကြောင့် အချိန်ကလေးရှိတုန်း လုံ့လ စိုက်ပါဆိုတာ မြန်မြန်တွေ့အောင် လုပ်လိုက်ပါ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဘာလုပ်ရမယ်...။ (မြန်မြန်တွေ့အောင် လုပ်ရပါမယ်ဘုရား)။

ကိုင်း...ဒါဖြင့် မြန်မြန်တွေ့အောင်လုပ်တဲ့နည်း သင်ကြပါစို့...။ (မှန်ပါ့ဘုရား)၊ ကဲ...ဒကာကြွယ် အမည်း အဖြူမရောတဲ့ကံ ပေါ်တော့မယ်နော်...။ (မှန်ပါ့)။

အမည်းအဖြူ မရောတဲ့ကံ ပေါ်တော့မယ်ဆိုတော့ ဒကာ ဒကာမတွေ ဝိပဿနာဉာဏ်က စ,ရလိမ့်မယ်...။ (မှန်ပါ့)၊ ဝိပဿနာဉာဏ်က စ,ရတော့မယ်ဆိုတော့ မသိတဲ့ ဒကာ ဒကာမတွေက "အရှင်ဘုရားတို့ နာမ်နဲ့ရုပ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်က မစ,ဘဲကိုး၊ ပစ္စယပရိဂ္ဂဟဉာဏ် က မစ,ဘဲကိုး၊ ထင်ချင်ထင်လာမယ်...။ (မှန်ပါ့)၊ နားလည် ပြီးသားကို ဟောတာလို့မှတ်"...(မှန်ပါ့)၊ ဟိုအောက် ဉာဏ် တွေ မထည့်နိုင်တော့ဘူး...။ (မှန်ပါ့)၊ သဘောကျ ပလား...။ (ကျပါပြီဘုရား)။

ဘယ်လိုယူထားပါလိမ့်...။ (နားလည်ပြီးသားမို့ပါ)၊ နားလည်ပြီးသားဆိုတာ အောက်ဉာဏ်ကို နားလည်ပြီး သား...။ (မှန်ပါ့)၊ နာမ်ရုပ် ကွဲပြီးသား၊ အကြောင်းအကျိုး

http://www.thitsarparamisociety.com/


ဆက်တတ်ပြီးသား...။ (မှန်ပါ)၊ အဲဒီပုဂ္ဂိုလ်တွေဟာတော့ ဒီဉာဏ်တွေ ချိတ်ထား...။ (မှန်ပါ)၊ ဝိပဿနာဉာဏ်ကပဲ စ,ရမယ့်...။ (မှန်ပါ)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

**စိတ္တာနုပဿနာ စ,မယ်**

ကဲ...ဒါဖြင့် ဝိပဿနာဉာဏ်ကပဲ စ,တော့မယ်ဆိုတော့ ဒကာ ဒကာမတွေ လွယ်ပါတယ်တဲ့၊ ဒီနေ့စိတ်ကို စ,မယ်ဆိုလို့ရှိရင်လဲ ခင်ဗျားတို့သန္တာန်မှာ ဒကာကြွယ်... တစ်ခါတလေ မြင်စိတ်ပေါ်တယ်...။ (ပေါ်ပါတယ်)၊ တစ်ခါတလေ ကြားစိတ်ကော...(ပေါ်ပါတယ်)၊ တစ်ခါတလေ နံစိတ်ပေါ်တယ်...။ (မှန်ပါ)၊ တစ်ခါတလေကျတော့ စားစိတ်ပေါ်တယ်...။ (ပေါ်ပါတယ်)၊ သဘောကျပလား...။ (ကျပါပြီ)၊ တစ်ခါတလေ ကိုယ်ပေါ်မှာ ယားနာတဲ့စိတ်ကော...(ပေါ်ပါတယ်)၊ တစ်ခါတလေကျတော့ ကိုယ်ပေါ်မှာ လေကလေးဘာကလေးတိုက်တော့ ကောင်းမြတ်တဲ့ စိတ်ကော...(ပေါ်ပါတယ်ဘုရား)၊ အပြင်ညှော်သည် ခြောက်ယောက်လို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါဘုရား)၊ အပြင်ဘက်မှာ၊ ကိုယ်ပြင်ဘက်မှာပေါ်တယ်...။ (မှန်ပါ)၊ ဝမ်းထဲမှာ ပေါ်တာ မဟုတ်ပါဘူး...။ (မဟုတ်ပါဘုရား)။

ဒါဖြင့် မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ်, ယားနာစိတ်, ကောင်းမြတ်တဲ့စိတ်၊ အပြင်ညှော်သည် ဘယ်နှစ်ယောက်တုံး...။ (ခြောက်ယောက်ပါဘုရား)။

http://www.thitsarparamisociety.com/


အတွင်းဥည်သည့်ကျတော့ လွယ်ပြီ၊ ဝမ်းထဲမှာ ပေါ်တဲ့ စိတ်က ဒကာ ဒကာမတို့ လောဘစိတ်, ဒေါသစိတ်, မောဟစိတ်နော်၊ ဒါ သိပြီးသား ထားပါတော့...။ (မှန်ပါ)၊ လောဘဆိုတာ လိုချင်တာ၊ ဒေါသဆိုတာ ပြစ်မှားတာ၊ မောဟဆိုတာ သံသယဖြစ်တာရယ်၊ ပျံ့လွင့်တာရယ်၊ ဒါ မောဟ ခေါ်တာပဲ...။ (မှန်ပါ)၊ ရှင်းပြီနော်...။ (ရှင်းပါပြီ ဘုရား)။

တစ်ခါတလေကျတော့ လှူချင်တန်းချင် ပေးချင် ကမ်းချင်တဲ့ အလောဘစိတ် မလာဘူးလား...။ (လာပါတယ် ဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

တစ်ခါတလေကျတော့ အဒေါသဆိုတဲ့ မေတ္တာ ကော...(လာပါတယ်ဘုရား)၊ လာတော့ ဪ...ဒါက, အတွင်းမှာ တစ်ခါတလေမှပေါ်တဲ့ အတွင်းဥည့်သည် ငါး ယောက်...(မှန်ပါဘုရား)။

အပြင်ဧည့်သည်က...(ခြောက်ယောက်ပါဘုရား)၊ အတွင်းဧည့်သည်က...(ငါးယောက်ပါဘုရား)၊ သဘောကျ ပြီနော်...။ (ကျပါပြီဘုရား)။

အိမ်သည်နှစ်ယောက်ဆိုတာ ခင်ဗျားတို့မှာ လေကို အပြင်ဘက်ထုတ်တဲ့စိတ်၊ လေကို ပြန်ရှိုက်ယူတဲ့စိတ်၊ ဒါက အိမ်သည်နှစ်ယောက်...(မှန်ပါဘုရား)၊သဘောကျပလား...။ (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒါ အရှုခံတရားလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့ဘုရား)။

**အရှုခံတရား**

အရှုခံတရားက အပြင်ဩ့သည်...(ခြောက်ယောက်ပါ)၊ အတွင်းဩ့သည်က...(ငါးယောက်ပါဘုရား)၊ အိမ်သည်က...(နှစ်ယောက်ပါဘုရား)။

ကောင်းပြီ၊ ဒါ သိတော့ ဒီမှာ ချုန်ပစ်ခဲ့တာကြည့်၊ ဒကာကြွယ် အလောဘ, အဒေါသဆိုတော့ အမောဟ ဆိုတဲ့ ပညာမပါဘူး၊ ချန်ပစ်ခဲ့တယ်...။ (မှန်ပါ့)၊ အဲဒါကို သူက ရှုရမည့်တရားဖြစ်နေလို့ ဒကာ ဒကာမတို့ သေသေချာချာ မှတ်ပါ၊ သူက မဂ္ဂင်ငါးပါးမှာပါတယ်...။ (မှန်ပါ့)၊ ဒါဖြင့် ဒကာ ဒကာမတို့ မဂ္ဂင်ငါးပါးက ရှုရမည့်တရားဖြစ်သောကြောင့် အမောဟချန်ပစ်ခဲ့တယ်...။ (မှန်ပါ့)၊ အမောဟနဲ့ ရှုရမှာ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**အမောဟဆိုတာ**

ဘာနဲ့ ရှုရမှာတုံး...။ (အမောဟနဲ့ရှုရမှာပါဘုရား)၊ အမောဟနဲ့ရှုရမှာဖြစ်နေတော့ ဒီက မဂ္ဂင်မှာ အမောဟဆိုတာ သူ့ချည့် ဘယ်တော့မှ မဖြစ်ဘူး၊ အမောဟဆိုတာ သမ္မာဒိဋ္ဌိပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ သမ္မာဒိဋ္ဌိ၊

http://www.thitsarparamisociety.com/


သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတာ တွဲလျက်ပဲ...။ (မှန်ပါ့ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ ဒါက အင်္ဂါ အသုက္ကံ...(မှန်ပါ့)၊ မမည်း မဖြူတဲ့ကံဟာ ဒီငါးခုပဲ...။ (မှန်ပါ့)၊ ရှစ်ခုဖြစ်ပြီးရင် အစစ်ဖြစ်ပြီ...။ (မှန်ပါ့)၊ ငါးခုဆိုရင် အတု၊ ရှစ်ခုဆိုရင်...(အစစ်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတွေက အိမ်ကျတော့ ထိုင်ကြတာပေါ့ဗျာ...။ (မှန်ပါ့)၊ အင်း...သွားချင်လဲ သွားတာပေါ့၊ ထိုင်ချင်လဲ ထိုင်တာပေါ့...၊ ဒါတွေပေါ်ရာကို ပေါ်တဲ့နေရာ ဖြစ်ပျက်လိုက်ရှု...(မှန်ပါ့)။

မျက်လုံးက ပေါ်လာရင်...(မျက်လုံးဖြစ်ပျက်ရှုရပါမယ်)၊ မျက်လုံးထဲက ဖြစ်ပျက်ကို ဒီအမောဟနဲ့လိုက်ပေး...။ (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ကိုယ်ပေါ်မှာ ယားတယ်, ယံတယ် ပေါ်လာရင်...(ဖြစ်ပျက်ရှုပေးရမယ်)၊ ကိုယ်ပေါ်မှာ အဲဒီ ယားတဲ့,ယံတဲ့,နေရာမှာ အဲ...တို့ အမောဟနဲ့ လိုက်ပေး...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

တစ်ခါတလေကျတော့ ဝမ်းထဲမှာ ဒကာကြွယ်ရေ... လောဘကလေးပေါ်လာလိုက်၊ ဟိုဟာ မလိုက်နဲ့ ပေါ်ရာသာ ဖြစ်ပျက်ရှုပါ...။ (မှန်ပါ့)၊ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဟာ...ဒါဖြင့် အပြင်ဥဒ္ဒည့်သည် ခြောက်ယောက်ကလဲ

http://www.thitsarparamisociety.com/

မလာဘူးဘုရား၊ အတွင်းညှော့သည်ငါးယောက်လဲ မလာဘူး ဘုရားဆိုရင် အိမ်သည်နှစ်ခုရှိရာ တစ်ခုခုဖြစ်လိမ့်မယ်...။ (မှန်ပါ့)၊ အဲဒီနှစ်ခုကိုမှန်းပြီးသကာလ ဩော်...ရှုတဲ့စိတ် ကလေးလဲ ဖြစ်ပြီး ပျက်ပါလား၊ အတွင်းမှာ ဖြစ်ပျက် ရှုနေ...။ (မှန်ပါ့)၊ လေရှိုက်တာမြင်သဖြင့် အတွင်းမှာရှိတဲ့ စိတ်က အားထုတ်တာပဲ ဆိုတာ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

အဲ...သူ့ကို ဖြစ်ပျက်ရှုနေဆိုတော့ ရှုစရာကင်းမဲ့တဲ့ အခါ ပါသေးသလား...။ (မပါ,ပါဘုရား)။

အေး...ဒါဖြင့် အတွင်းညှော့သည် အပြင်ညှော့သည် မရှိလို့ရှိရင် အိမ်သည်နှစ်ယောက်လှည့်ရှု...။ (မှန်လှပါ)၊ ရှုရင်းမတ္တနဲ့ ဒီဟာတွေ တဖျပ်ဖျပ်ပေါ်လာရင် ပေါ်ရာကို လိုက်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အဲဒါ ဒကာ ဒကာမတို့ စိတ္တာနုပဿနာသတိပဋ္ဌာန် လို့ ခေါ်တယ်...။ (မှန်ပါ့)။

ဘယ်လို မှတ်ကြမယ်...။ (စိတ္တာနုပဿနာ သတိ ပဋ္ဌာန်ပါဘုရား)၊ ဒါ အလုပ်ပေးနေတာလို့ မှတ်လိုက်စမ်း ပါ...။ (မှန်ပါ့)။

တရားဟောတာလဲ ဟုတ်တယ်...။ (မှန်ပါ့)၊ အလုပ် ပေးနေတယ်ဆိုရင်ကော...(ဟုတ်ပါတယ်ဘုရား)။

အဲဒါ...ဒကာသစ်တို့ဖြစ်ဖြစ်၊ ဒကာကြွယ်တို့ဖြစ်ဖြစ်

http://www.thitsarparamisociety.com/


လိုက်၊ လိုက်တဲ့အခါကျလို့ ရှိရင်၊ ဖြစ်မှုပျက်မှုမြင်လို့ ရှိရင် ဖြင့် ဒီငါးခုဖြစ်ပြီလို့ အောက်မေ့...။ (မှန်ပါ့)။

**မြင်တယ်ဆိုတာ မရှိတာသိတာ**

ဒါကလေးတွေက ဖြစ်ပြီးပျက်သွားတယ်၊ ဖြစ်ပြီး ပျက်သွားတာကို မြင်တယ်ဆိုတဲ့ အဓိပ္ပာယ်ဟာလဲ ရှင်းပေး လိုက်ပြီ...။ (မှန်ပါ့)၊ "မြင်တယ်ဆိုတာသည် မရှိတာ သိတာလို့ မှတ်လိုက်"...။ (မှန်ပါ့ဘုရား)။

"မြင်တယ်ဆိုတာ...(မရှိတာသိတာပါဘုရား)၊ စိတ်ကို ရှုရတဲ့အတွက် မရှိတာ သိတာ..."(မှန်ပါ့)။

မရှိတာသိတာကို ဘာခေါ်ကြမယ်...။ (မြင်တာပါ ဘုရား)၊ အဲ...မင်း ဝိပဿနာရှုတာ အနိစ္စမြင်ရဲ့လားဟေ့၊ တခြားသော ပုဂ္ဂိုလ်က မေးရင် မြင်တယ်သာပြောပါ...။ (မှန်ပါ့ဘုရား)၊ မြင်တာက ဘာတုံးမေးတော့ ဒကာသစ်က ဘယ့်နှယ်ဖြေမလဲ...။ (မရှိတာကိုသိတာပါဘုရား)။

ဪ...မရှိတာသိတာသည် နဂိုကမရှိတာမှ မသိတဲ့ ပုဂ္ဂိုလ်...(မှန်ပါ့ဘုရား)။

နဂိုက ဘယ်လိုပါလိမ့်...။ (မရှိတာမှ မသိတဲ့ပုဂ္ဂိုလ် ပါဘုရား)။

မရှိတာမှ မသိတဲ့ပုဂ္ဂိုလ် အခု မရှိတာကို မရှိမှန်း သိတယ် ဆိုကတည်းက အင်း...အမြော်အမြင်ရှိပြီဆိုတဲ့

အစိပ္ပာယ်မျိုး…။ (မှန်ပါ)၊ မရှိတာသိလို့ရှိရင် မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဖြစ်သွားပါတယ်…။ (မှန်ပါဘုရား)၊ သဘောပါပလား…။ (ပါ,ပါပြီဘုရား)။

ဒါ..ဒီနေ့တရားမှာ ဒကာ ဒကာမတို့ ကောင်းအောင် ဟောတဲ့တရား မဟုတ်ဘူး…။ (မှန်ပါဘုရား)၊ အလုပ်, လုပ်တတ်အောင် ဟောနေတယ်၊ နည်းပေးနေတယ်လို့ မှတ်လိုက်စမ်းပါ…။ (မှန်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီလို လိုက်ပါများလာတော့ မရှိတာချည့် သိရမယ် ဒကာသစ်ရဲ့…။ (မှန်ပါ)၊ မရှိတာချည့် သိတဲ့အခါကျတော့ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဆို တော့ ဒါ မဂ္ဂင်ငါးပါး လာဖြစ်တယ်…။ (မှန်ပါ)၊ မဖြစ် သေးဘူးလား…။ (ဖြစ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ဖြစ်ပြီဆိုတော့ ရှေ့ကို တစ်ဆင့်တက်လိုက်၊ မရှိတာဖြင့် တပည့်တော် အကုန်သိပြီဘုရားဆိုတော့ ဖြစ်ပျက် သိသွားပြီပေါ့ဗျာ…။ (မှန်ပါဘုရား)။

ဒါဖြင့် သံသရာတစ်ခွင်လုံးမှာ ဘယ်တော့မှ ဒီမျက်လုံး မရခဲ့သည်ဖြစ်လေသောကြောင့် အန္ဓပုထုဇဉ်…(မှန်ပါ)၊ ဒကာ ဒကာမတို့ ကန်းတဲ့ ပုထုဇဉ်၊ ရူးတဲ့ပုထုဇဉ်အဖြစ်မှ လွတ်ပြီ…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီ ဘုရား)။

ကန်းတဲ့ ပုထုဇဉ်၊ ရူးတဲ့ ပုထုဇဉ်အဖြစ်မှ…(လွတ်ပါ

http://www.thitsarparamisociety.com/

ပြီ)၊ လွတ်ပြီ၊ ဘာကြောင့်တုံးဆိုတော့ မရှိတာ မရှိမှန်း သိပြီ...။ (မှန်ပါ့ဘုရား)။

ရှိတာလဲ...(ရှိမှန်းသိပါတယ်)၊ ရှိမှန်းသိတယ်၊ ဒီခန္ဓာကြီးထဲမှာ နဂိုက ဒီခန္ဓာစိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာရှိတယ်၊ အခု မရှိဘူးဆိုတာ သိတယ်...။ (မှန်ပါ့ဘုရား)။

နဂိုက ရှိတယ်၊ အခုကြည့်လိုက်တဲ့အခါမှာ...(မရှိမှန်းသိပါတယ်)၊မရှိဘူးဆိုတာသိတော့ သူ ရှိတာလဲသိတယ်၊ မရှိတာလဲ သိတယ်ဆိုတော့ သူ ဖြစ်ပျက်သိပြီ...။ (မှန်ပါ့ဘုရား)။

ရှိတာလဲသိတယ်၊ မရှိတာလဲ သိတယ်ဆိုတော့...(ဖြစ်ပျက်သိပါပြီ)၊ ဖြစ်ပျက်သိတယ်ဆိုတာ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် နေရာကျပြီဆိုတော့ အန္ဓပုထုဇဉ်ဥမ္မတ္တက ပုထုဇဉ်အဖြစ်မှ လွတ်ပြီ...။ (မှန်ပါ့ဘုရား)။

ကန်းတဲ့ ပုထုဇဉ်အဖြစ်မှ...(လွတ်ပါပြီ)၊ ရူးတဲ့ပုထုဇဉ်အဖြစ်မှ...(လွတ်ပါပြီဘုရား)။

ဒါဖြင့် တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံးဆိုတာ ပေါ်သွားပြီ...။ (ပေါ်ပါပြီ)၊ အရူး၊ အကန်းနဲ့ အချိန်ကုန်ခဲ့တယ်...။ (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ...။ (အရူး၊ အကန်းနဲ့ အချိန်ကုန်ခဲ့ပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


အရှုး,အကန်းနဲ့ အချိန်ကုန်ခဲ့တယ်ဆိုတာ ဒကာကြွယ် ငြင်းဖို့ မလိုပါဘူး...။ (မလိုပါဘုရား)၊ နာစရာလဲ မလိုပါဘူး...။ (မလိုပါဘုရား)။

ကောင်းတာက နည်းနည်းကလေး၊ ရူးတာ, ကန်းတာ က...(အများကြီးပါ)၊ အသင်္ချေအနန္တပဲ...။ (မှန်ပါ့)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဆက်ရှု... (မှန်ပါ့)၊ ဖြစ်ပျက်တွေတော့ မြင်ပြီ၊ မြင်ပေမယ့် ဆက်ရှု၊ ဆက်ရှုတော့ ဉာဏ်က ခာယ်လိုတိုးလာသတုံး မေးရတယ် နော်...။ (မှန်ပါ့)၊ ဪ...ဆရာဘုန်းကြီးက ဘုရားဟော တဲ့ အတိုင်း ဟောထားတယ်၊ ပထမတုန်းက မြင်စိတ်နဲ့ အသက်ရှင်နေတယ်...။ (မှန်ပါ့)၊ နောက် မြင်စိတ်သမား သေသွားတယ်...။ (မှန်ပါ့)၊ တော်တော်ကြာလို့ရှိရင် လိုချင် တဲ့ စိတ်နဲ့ အသက်ရှင်နေတယ်...။ (မှန်ပါ့)၊ တော်တော် ကြာကျတော့ သေသွားတယ်...။ (မှန်ပါ့ဘုရား)။

**ကိုယ့်အသေ ကိုယ်မြင်လာမယ်**

အဲဒီတော့ ကိုယ့်အသေ ကိုယ်မြင်လာလိမ့်မယ်...။ (မှန်ပါ့)၊ ကိုယ့်အသေ ကိုယ်မြင်တော့ ကိုယ့်မသာ ကိုယ်မြင်ရ တာနဲ့၊ သူများမသာ မြင်ရတာနဲ့ ဒကာ ဒကာမတို့ ဘယ်သူ

http://www.thitsarparamisociety.com/


က သာပြီး မုန်းချက်သန်မလဲ...(ကိုယ့်အသေ ကိုယ်မြင်ရ တာက မုန်းချက်သန်ပါတယ်ဘုရား)။

ကိုယ့်အသေက ခွဲလို့မှ မရဘဲ...။ (မှန်ပါ့ဘုရား)၊ ဟို အသေက ဒီအသေကြီးများ သုသာန်ပို့ပြီး ပြန်တော့ မယ်ကွာ၊ ထားပစ်ခဲ့လို့ရတယ်...။ (မှန်ပါ့)၊ ဒီ ကိုယ့်အသေ ကတော့...(မရပါဘုရား)။

ဒါဖြင့် မရတော့ ပိုမိုပြီးသကာလ မုန်းဉာဏ်လာ တယ်...။ (မှန်ပါ့)၊ ဒီမှာ နိဗ္ဗိန္ဒာဉာဏ် တိုးတက်လာတယ်...။ (မှန်ပါ့)၊ အဲ...အခုနင်က ဖြစ်ပျက်၊ ဥဒယဗ္ဗယ ဘင်္ဂဘယ တွေ အကုန်ပြီးခဲ့ပြီ...။ (မှန်ပါ့)၊ ဘင်္ဂအာဒီနဝတွေပြီးပြီ၊ တစ်ခါတည်း နိဗ္ဗိန္ဒာဉာဏ် တိုးတက်လာတယ်...။ (မှန်ပါ့ ဘုရား)။

ကိုယ့်အသေ ကိုယ်မြင်ရင် နိဗ္ဗိန္ဒာဉာဏ် တက်ပြီလို့ သာ အောက်မေ့ပေတော့...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဒီစိတ်တွေနဲ့ ဒီရုပ်တွေ ကလဲ တွဲလျက်ကြီးကိုးဗျ...။ (မှန်ပါ့)၊ အခုတော့ ဝိပဿနာမို့ စိတ်ပြတယ်၊ စိတ်ပြပေမယ့်လဲ စိတ်နဲ့ရုပ်ဟာ ခွဲလို့ရရဲ့လား...။ (မရပါ)၊ မရတော့ကို စိတ်ချုပ်လဲ ရုပ်က နောက်က လိုက်ချုပ်တာပဲ...။ (မှန်ပါ့ဘုရား)။

ကိုင်း...ဒါနဲ့ပဲ ဒီလိုပဲ ကိုယ့်အသေ ကိုယ်မြင်ပြီး သကာလ မုန်းကြတယ်...။ (မှန်ပါ့)၊ မုန်းကြတော့ ဒီမဂ္ဂင်

http://www.thitsarparamisociety.com/


အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဘယ်လိုဉာဏ် ပေါ်လာသလဲလို့ မေးဖို့လိုလာတယ်...။ (လိုပါတယ်)၊ ဪ...ဘယ်ရောက် ရောက် ဒီအသေတွေ ရမှာပဲ...။(မှန်ပါ့)၊ မဟုတ်ဘူးလား...။ (ဟုတ်ပါတယ်ဘုရား)။

ဘယ်ရောက်ရောက်...(ဒီအသေတွေပဲ ရမှာပါ)၊ ဒီ အသေတွေဟာ မရဏမ္ပိ ဒုက္ခံ...(မှန်ပါ့)၊ ဪ...ဒီဒုက္ခ သစ္စာပဲ...။ (မှန်ပါ့ဘုရား)။

ဘယ်ရောက်ရောက် ဘယ့်နှယ်တုံး...။ (ဒုက္ခသစ္စာပဲ ဖြစ်ရမှာပါပဲဘုရား)။

ဒုက္ခသစ္စာလို့ သိသွားပြီ...။ (သိသွားပါပြီ)၊ အဲ... ဒုက္ခသစ္စာလို့ သိသွားတဲ့အခါကျတော့ ဒကာ ဒကာမတို့ ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိပြီဆိုမှဖြင့်တဲ့၊ ဒါ ကိုယ့်အသေတွေ ကိုယ့်အသေတွေ၊ ဒီဒုက္ခသစ္စာတွေ အကုန်သိပြီးသကာလ ဒကာ ဒကာမတို့ ဉာဏ်ထဲ မရှင်းပေဘူးလား...။ (ရှင်းပါ တယ်)၊ အကုန် ဒုက္ခသစ္စာလို့ ရှင်းသွားပါပြီ...။ (မှန်ပါ့ ဘုရား)။

**ဒုက္ခမရှိတဲ့ဘက်ကို ဉာဏ်က ပြောင်းတယ်**

ဤကဲ့သို့ ရှင်းသွားတဲ့ အခါကျတော့ ဒုက္ခတွေ သေသေချာချာ ပိုင်ပိုင်နိုင်နိုင်သိတော့ ဒီရှုနေတဲ့ မဂ္ဂင်သည်

http://www.thitsarparamisociety.com/

ဒုက္ခရှိတဲ့ဘက်မှ ဒုက္ခမရှိတဲ့ဘက် ပြောင်းသွားတယ်...။ (မှန်ပါ့ဘုရား)။

ဒုက္ခရှိတဲ့ဘက်မှ...(ဒုက္ခမရှိတဲ့ဘက် ပြောင်းသွားပါတယ်)၊ ဘယ်သူက ပြောင်းတာတုံးလို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ ဉာဏ်က ပြောင်းတာ...။ (မှန်ပါ့ဘုရား)။

ဒီဉာဏ်က ပြောင်းတယ်...။ (မှန်ပါ့)၊ အမောဟက ပြောင်းတယ်...။ (မှန်ပါ့ဘုရား)။

အရင်တုန်းကတော့ ဒုက္ခရှိတဲ့ဘက်ချည့် သူ လှည့်နေတယ်...။ (မှန်ပါ့)၊ အခု သူ ဘယ်ဘက်လှည့်သတုံး...။ (ဒုက္ခမရှိတဲ့ဘက် လှည့်ပါတယ်ဘုရား)။

**ဒုက္ခမရှိတာနိဗ္ဗာန်**

အဲ...ဒုက္ခမရှိတဲ့ဘက် လှည့်သွားတော့ ဒကာ ဒကာတို့ ဒုက္ခမရှိတာ နိဗ္ဗာန်...။ (မှန်ပါ့)၊ လှည့်တာက မဂ်ဉာဏ်ဖြစ်သွားတော့ မဂ်ဉာဏ်ပြီး ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ဆိုတော့ သြော်...ဒါဖြင့် တို့ရှုဖို့သာ အရေးကြီးတယ်၊ ဉာဏ်က သူ့ဟာသူ နိဗ္ဗာန်ဘက် လှည့်တယ်...။ (မှန်ပါ့ဘုရား)။

ကျုပ်တို့က ဘာအရေးကြီးပါလိမ့်...။ (ရှုဖို့သာအရေးကြီးပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


**သောတာပန်တည်ပြီ**

ကျုပ်တို့က ရှုဖို့၊ ရှုနိုင်သလောက်သာရှု၊ သူ လှည့်သွားရင်ဖြင့် အင်း...သောတာပန်တည်ပြီ အောက်မေ့ရမယ်...။ (မှန်ပါ့ဘုရား)။

သူ လှည့်သွားလို့ရှိရင် ပထမသောတာပန်တည်တာပဲ၊ နိဗ္ဗာန်ပါမြင်ပြီ...။ (မှန်ပါ့)၊ ဒါဖြင့် မလှည့်ပါနဲ့ဆိုလို့ကော ရရဲ့လား...။ (မရပါဘုရား)။

တကယ်မှန်း တကယ် မလိုချင်ပြီဆိုလို့ရှိရင် ဒကာကြွယ် လှည့်သွားတယ်...။ (မှန်ပါ့ဘုရား)၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

ဒကာ ဒကာမတို့ သူလဲ လှည့်သွားပါရော ခုနင်ကကံသုံးခု အကုန်ဖြတ်ချလိုက်တယ်...။ (မှန်ပါ့)။

သူ လှည့်သွားရင်...(ကံသုံးခုဖြတ်ပါတယ်)၊ ကံသုံးခုအကုန်ဖြတ်တယ်ဆိုတာ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဩော်...ဒါဖြင့် တို့က "ပထမဖြစ်ပျက်မြင်ဖို့အရေးဟာ တို့အရေး...။ (မှန်ပါ့)၊ ဖြစ်ပျက်မုန်းဖို့ကော...(တပည့်တော်တို့အရေးပါ)၊ ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင် သိသွားအောင် ရှုဖို့ အရေးဟာလဲ...(တပည့်တော်တို့ အရေးပါဘုရား)"။

http://www.thitsarparamisociety.com/


အဲ...ကိုယ့်အရေးက အဲဒီသုံးခုပဲ ရှိတယ်တဲ့၊ ဒီသုံးခုပြီးလို့ရှိရင် ဉာဏ်က သူ့ဟာသူ ဒုက္ခရှိတဲ့ဘက်မှ ဒုက္ခမရှိတဲ့ဘက် လှည့်မှာပဲ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

ဒါက မိလိန္ဒပဉှာပါဠိတော်မှာ လာတယ်...။ (မှန်ပါ့)၊ ဒုက္ခရှိတဲ့ဘက်မှ...(ဒုက္ခမရှိတဲ့ဘက် လှည့်ပါတယ်ဘုရား)၊ ဒုက္ခမရှိတဲ့ဘက် လှည့်တယ်၊ ဒကာသစ်က လှည့်ချင်လို့ လှည့်တာလား၊ ဉာဏ်ဘာသာ လှည့်သွားတာလား...။(ဉာဏ်ဘာသာ လှည့်သွားတာပါဘုရား)၊ သဘောပါပလား...။ (ပါ,ပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ အရဏ်မတက်ဘဲနဲ့တော့ နေမထွက်ပါဘူး...။ (မှန်ပါ့)။

**အရုဏ်တက်မှ နေထွက်တယ်**

အရုဏ်မတက်ဘဲနဲ့...(နေမထွက်ပါဘုရား)၊ အဲ... ရှေ့က ဖြစ်ပျက်ကြည့်တဲ့ဉာဏ်, ဖြစ်ပျက်မုန်းတဲ့ဉာဏ်တည်းဟူသော အရုဏ်မတက်လို့ရှိရင်ဖြင့် နိဗ္ဗာန်ဖြစ်တဲ့ နေရာ မဂ်ဉာဏ်ဟာ ဘယ်တော့မှ မထွက်ပါဘူး...။ (မှန်ပါ့)၊ အရုဏ်တက်မှ နေထွက်တယ်...။ (မှန်ပါ့)။

အရုဏ်တက်မှ...(နေထွက်ပါတယ်ဘုရား)၊အဲဒီတော့ ရှေ့နှစ်ဉာဏ်မပါဘဲနဲ့ နောက်မဂ်ဉာဏ် မလာနိုင်ဘူး...။ (မှန်ပါ့)။

http://www.thitsarparamisociety.com/

ရှေ့နှစ်ဉာဏ် မပါဘဲနဲ့...(နောက်မဂ်ဉာဏ် မလာနိုင်ပါဘုရား)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့ စိတ္တာနုပဿနာနဲ့ ပြလိုက်တယ်...။ (မှန်ပါ့)၊ နက်ဖြန် ဝေဒနာနုပဿနာနဲ့ တက်လိုတဲ့ပုဂ္ဂိုလ် ပြမယ်...။ (မှန်ပါ့ဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။